၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

*Published by Voice of Burma Information Group* *Issue No. 701 MARCH 15, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**
**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**

## နိုင်ငံရေးအင်အားစုအားလုံးပါဝင်နိုင်သည့်ရွေးကောက်ပွဲဖြစ်ရေး စီအာပီပီလိုလား

**DVB ၊ မတ်လ ၁၂ ။** ။ နိုင်ငံရေးပါတီအားလုံး ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့အဆင့်ရောက်မှ ၂၀၁၀ ရွေးကောက်ပွဲကို ကုလသမဂ္ဂနဲ့ နိုင်ငံတကာလေ့လာသူ စေလွှတ်သင့်တယ်လို့ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မီတီ စီအာပီပီက ပြောပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရုံးချုပ်မှာ မနေ့ကကျင်းပတဲ့ စီအာပီပီ အစည်းအဝေးအပြီးမှာ စီအာပီပီ အတွင်းရေးမှူးဦးအေးသာအောင်က ဒီလို ပြောကြားတာပါ။

"၂၀၀၈ ခု ဖွဲ့စည်းပုံကို ပြင်ပြီးမှ အားလုံး ပါဝင်တဲ့ ရွေးကောက်ပွဲဆိုရင်တော့ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများက တရားမျှတသလား၊ လွတ်လပ်သလား၊ ဒီမိုကရေစီအခွင့်အရေးတွေရှိသလားဆိုတာတွေကို စောင့်ကြည့်တာဟာ နည်းလမ်းကျတယ်။"

တနာရီခွဲကြာတဲ့ ဒီနေ့အစည်းအဝေးမှာ ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးအပါအဝင် ကိစ္စတွေကို ဆွေးနွေးတယ်လို့ ဦးအေးသာအောင်က ပြောပါတယ်။ စစ်အုပ်စုက အတည်ပြုထားတဲ့ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြန်မပြင်မချင်း ရွေးကောက်ပွဲမဝင်ဘူးလို့ စီအာပီပီက ဆုံးဖြတ်ထားပြီး ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲအနိုင်ရ နိုင်ငံရေးပါတီတွေမပါတဲ့ ရွေးကောက်ပွဲကို ကုလသမဂ္ဂက ဘယ်လိုသဘောထားမလဲဆိုတာကိုလည်း ဆွေးနွေးတယ်လို့ ဦးအေးသာအောင်က ပြောပါတယ်။

အဲဒီရွေးကောက်ပွဲကို လေ့လာသူတွေ စေလွှတ်ဖို့ ကုလသမဂ္ဂအထူးကိုယ်စားလှယ်မစ္စတာ ဂမ်ဘာရီက ပြောဆိုနေပြီး ဒါကိုလက်ခံမယ်လို့ စစ်အုပ်စုဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အာဆီယံထိပ်သီးအစည်းအဝေးမှာ အရိပ်အမြွက် ပြောခဲ့ပါတယ်၊ ရွေးကောက်ပွဲမတိုင်မီ ဒေါ်အောင်ဆန်း စုကြည်၊ ခွန်ထွန်းဦး၊ မင်းကိုနိုင် စတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို အရင်ဆုံးလွှတ်ဖို့လိုတဲ့အတွက် အဲဒီအရေးကို စီအာပီပီနဲ့အဖွဲ့ချုပ်တို့က ဆက်လက် အရေးဆိုဆောင်ရွက်နေတယ်လို့ ဦးအေးသာအောင်က ပြောပါတယ်။

နအဖ စစ်အုပ်စုကတော့ ရွေးကောက်ပွဲအတွက် အရှိန်မြှင့်ဆင်နေတာ တွေ့ရပါတယ်။ နယ်မြို့တွေမှာ စီးပွားရေးလုပ်ငန်းရှင်တွေကို ပါတီထောင်ပြီး ရွေးကောက်ပွဲဝင်ဖို့ တိုက်တွန်းနေသလို နယ်မြို့တွေက အဖွဲ့ချုပ်ရုံးတချို့ကိုလည်း အာဏာပိုင်တွေကသတင်းမေး စည်းရုံးတာတွေလုပ်နေတယ်လို့ ဦးအေးသာအောင်က ပြောပါတယ်။

## နိုင်ငံရေးအကျဉ်းသားများလွတ်ရေးလှုပ်ရှားမှုစတင်

**DVB ၊ မတ်လ ၁၂ ။** ။ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး ကမ္ဘာလုံးဆိုင်ရာ လက်မှတ်ရေးထိုးလှုပ်ရှားမှုကို မနက်ဖြန်ကစပြီး ၇၃ ရက်ကြာ ဆောင် ရွက်ပါတော့မယ်။

ဒီလှုပ်ရှားမှုကို မနက်ဖြန် မတ် ၁၃ ရက် မြန်မာနိုင်ငံလူ့အခွင့်အရေး နေ့ကစပြီး မြန်မာနိုင်ငံဒီမိုကရေစီအင်အားစု အက်ဖ်ဒီဘီ နဲ့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) အေအေပီပီဘီတို့က ဦးစီးဆောင်ရွက်မှာပါ။ နိုင်ငံတကာအဖွဲ့ပေါင်း ၁၆၆ ဖွဲ့က ဒီလှုပ်ရှားမှုမှာ ပူးပေါင်းပါဝင်မှာဖြစ်ပြီး ဂျပန်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ သြစတြေးလျား၊ ကိုးရီးယား၊ အင်ဒိုနီးရှားနဲ့ ထိုင်းနိုင်ငံတို့မှာ တပြိုင်နက်စတင်မှာပါ။ နိုင်ငံရေးအကျဉ်းသားတွေရဲ့ ဓာတ်ပုံတွေ၊ ဗွီစီဒီတွေ တီရှပ်တွေ၊ လက်ကမ်းစာစောင်တွေ ပြသပေးဝေမှာဖြစ်ပြီး မေ ၂၄ ရက်အထိ ဆောင်ရွက်ကြမှာပါ။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကလှုပ်ရှားမှုမှာ နအဖစစ်အုပ်စုရဲ့ထောင်တွင်းအခြေအနေကို အကျဉ်းသားဝတ်စုံနဲ့သရုပ်ဖော်မှာဖြစ်ပြီး ရေးထိုးတဲ့လက်မှတ်တွေကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဆီ ပေးပို့မယ်၊ အင်တာနက်အွန်လိုင်းကနေလည်း လက်မှတ်တွေလက်ခံစုဆောင်းမယ်လို့ အေအေပီပီဘီ အတွင်းရေးမှူးဦးတိတ်နိုင်က ပြောပါတယ်။

"ကျနော်တို့ရည်မှန်းချက်က ၈၈၈,၈၈၈ ခု ရအောင်ကျနော်တို့ စုဆောင်းမှာဖြစ်ပါတယ်။" ချင်းမိုင်

**စာမျက်နှာ ၅ သို့**

ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး နအဖစစ်အုပ်စုနှင့်တွေ့ဆုံဆွေးနွေး **စာမျက်နှာ ၂**
ထိုင်းနယ်စပ်ရှိ အင်အားစုများ မလှုပ်ရှားနိုင်တော့ **စာမျက်နှာ ၃**
အာဆီယံနဲ့ ကုလသမဂ္ဂ ချာလပတ်လည် **စာမျက်နှာ ၄**
ဗိုလ်ချုပ်မြေးသား အငယ်ဆုံး ဗိုလ်ချုပ်ထိန်မောင်တို့နှင့် သွားရောက်ပူးပေါင်း **စာမျက်နှာ ၉**
ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် ပြည်ပထွက် အလုပ်လုပ်သူများ အခက်ကြုံ **စာမျက်နှာ ၁၃**
လူငယ်ရေးရာ ပိုမိုဖော်ဆောင်ရေး ဗဟိုတိုင်းနှင့်ပြည်နယ်များမှ လူငယ်များ ဆွေးနွေး **ကျောဖုံး**

VOB အာဘော်

# အာဆီယံ ရှက်ဖွယ်

ထိုင်းနိုင်ငံတွင်ကျင်းပခဲ့သည့် အာဆီယံထိပ်သီးညီလာခံက မြန်မာ့အရေးနှင့်ပတ်သက်၍ ထိထိရောက်ရောက်နှင့် လုပ်ကိုင်နိုင်ခြင်းမရှိသကဲ့သို့ လုပ်ချင်စိတ်လည်းမရှိ ဆိုသည်ကို ဖော်ပြနေသည့်အပြင် အာဆီယံချာတာတွင် အာမခံချက်များပေးသည့် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးကိစ္စများကိုလည်း တလုံးတပါဒမျှ ပြောဆိုလုပ်ကိုင်ခြင်းမရှိသည်ကို တွေ့ရပေသည်။

မြန်မာ့ဒီမိုကရေစီကရေစီရေးသည် အာဆီယံအတွက်သာမက နိုင်ငံတကာအသိုင်းအဝိုင်းအတွက်ပါ ဆူးညှောင့်ခလုတ်တခုဖြစ်နေသည်။ မြန်မာ့အရေးနှင့်ပတ်သက်လျှင် အာဆီယံသည် ပိုမိုလုပ်ဆောင်ရန်တာဝန်ရှိသည်။ သို့သော် ထိုင်းတွင်ကျင်းပခဲ့သည့် အာဆီယံထိပ်သီးညီလာခံက မိမိတို့အဖွဲ့ဝင်နိုင်ငံတနိုင်ငံ၏အရေးကိစ္စကို ကူညီဆောင်ရွက်ပေးလိုခြင်းမရှိပဲ ကုလသမဂ္ဂသို့ လက်လွှဲခဲ့သည်။ မိမိဆောင်ရွက်ရမည့်ဝတ္တရားကို ခေါင်းရှောင်ခဲ့ခြင်းက အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ၏ အရည်အချင်းနှင့် ကျင့်ဝတ်မည်မျှနိမ့်ကျနေသည်ကို ထင်ဟပ်နေသည်။

အာဆီယံချာတာတွင်ဖော်ပြထားသည်များကို ထိပ်သီးခေါင်းဆောင်များက စတင် ဖောက်ဖျက်လိုက်လေပြီ၊ ဤအဖြစ်အပျက်က အာဆီယံ၏အနာဂတ် အတွက်အလားအလာမကောင်းပေ။ အာဆီယံအဖွဲ့သည် မိမိတို့၏အဖွဲ့ကို အီးယူကဲ့သို့သောအဖွဲ့လိုမျိုးဖြစ်လာစေရန် ရည်သန်ထားပေသည်။ လွန်စွာမှပင်ကောင်းမွန်သည့်မျှော်မှန်းချက်ဖြစ်သည်။ သို့သော် ထိုမျှော်မှန်းချက်များကို အာဆီယံခေါင်းဆောင်များက မည်မျှလက်တွေ့ကျကျအောင်မြင်ရန် လုပ်ဆောင်နိုင်မည်နည်း ဆိုသည်မှာ မေးခွန်းဖြစ်သည်။ အာဆီယံမိသားစုဆိုသည့်စကားရပ်ကို အာဆီယံခေါင်းဆောင်များသည် လူအများကြားကောင်းစေရန်ပြောဆိုလေ့ရှိသည်။

မိမိတို့မိသားစုတွင်းက ပြဿနာကို ပြေလည်စေရန်ဖြေရှင်းလိုစိတ်မရှိ၊ ဖြေရှင်းနိုင်ခြင်းလည်းမရှိသည့်အခြေအနေတွင် အာဆီယံမိသားစုဆိုသည်ကို အမှန်တကယ်ဖော်ဆောင်နိုင်ရေးမှာ လွယ်ကူမည်မဟုတ်ပေ။ ထို့မျှမက အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လူ့အခွင့်အရေးလှုပ်ရှားသည့်အဖွဲ့များ၊ ပြည်သူ့ရေးရာအဖွဲ့များ ကိုကိုယ်စားပြုသော ကိုယ်စားလှယ်များနှင့် ထပ်သီးခေါင်းဆောင်များတွေ့ဆုံပွဲကို ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆင်နှင့် နအဖဝန်ကြီးချုပ် သိန်းစိန်တို့က အကြောက်အကန်ငြင်းဆန်ခဲ့သည်။ ဤသည်က ထိုခေါင်းဆောင်နှစ်ဦးသည် လူ့အခွင့်အရေးကိစ္စများကို ပြောဆိုဆွေးနွေးလိုခြင်းမရှိသည်ကို ဖော်ပြနေသည်။ ထိုမျှမက အာဆီယံအဖွဲ့က စီစဉ်သည့်အစီအစဉ်ကို လက်မခံငြင်းဆန်သည်ကို ဖော်ပြနေသည်။

အာဆီယံချာတာပေါ်ထွက်လာသည်မှာ ပူပူနွေးနွေးပင်ရှိသေးသည်။ ထိုချာတာပေါ်ထွန်းလာပြီးနောက် ပထမဦးဆုံးအကြိမ်ကျင်းပသည့် ထပ်သီးဆွေးနွေးပွဲတွင်ချာတာတွင် ဖော်ပြချက်များကို ထပ်သီးခေါင်းဆောင်များ မလိုက်နာခြင်းအာဆီယံအဖွဲ့အတွက် လွန်စွာရှက်ဖွယ်ကောင်းသောလုပ်ရပ်ဖြစ်သည်ဟု ဆိုရမည် ဖြစ်သည်။

---

# ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး နအဖစစ်အုပ်စုနှင့်တွေ့ ဆုံဆွေးနွေး

**DVB ၊ မတ်လ ၉ ။ ။** ရိုဟင်ဂျာလှေစီးပြေး ဒုက္ခသည်တွေအရေး အပါအဝင်ကိစ္စရပ်တွေအတွက် မြန်မာစစ်အစိုးရနဲ့ တွေ့ဆုံဆွေးနွေးဖို့ မြန်မာနိုင်ငံကို ရောက်ရှိနေတဲ့ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးက နအဖစစ်အုပ်စုတာဝန်ရှိ သူတွေနဲ့ ဒီနေ့ စတင်တွေ့ဆုံနေပါတယ်။

ရန်ကုန်ကို စနေနေ့မှာ ရောက်ရှိတဲ့ မဟာမင်းကြီး အန်တိုနီယို ဂူတားရက်စ်ရဲ့ ဒီနေ့ တွေ့ဆုံဆွေးနွေးမှု အခြေအနေ အသေးစိတ်ကို မသိရသေးဘူးလို့ ဘန်ကောက် အခြေစိုက် ယူအန်အိတ်ချ်စီအာ ပြောရေးဆိုခွင့်ရှိသူ ယန်တီ အစ္စမေးလ်က ပြောကြား ပါတယ်။ ယူအန်အိတ်ချ်စီအာ အကြီးအကဲ မစ္စတာဂူးတားရက်စ်ဟာ ရခိုင်ပြည်နယ်ဘက်နေ ပြည်ပကို ဒုက္ခသည်အဖြစ် ထွက်ပြေးနေသူတွေအရေးကို အဓိကဆွေးနွေးဖို့ရှိပါတယ်၊ မစ္စတာဂူးတားရက်စ်က ရွှေ့ပြောင်းနေရာချထားမှုပြဿနာ ပေါ်ပေါက်နေတဲ့ ရခိုင်ပြည်နယ်ကို သွားရောက်လေ့လာမယ်လို့ ဘန်ကောက်အခြေစိုက် ယူအန်အိတ်ချ်စီအာ ပြောရေးဆိုခွင့် ရှိသူ ယန်တီ အစ္စမေးလ်က ပြောကြားပါတယ်။

“လက်ရှိ အရေးကြီးကိစ္စဖြစ်နေတဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းကို သွားရောက်ပြီး ဘာတွေ ပူးပေါင်းဆောင်ရွက်နိုင်မလဲဆိုတာနဲ့ အခြေအနေ တည်ငြိမ်လာပြီး တိုးတက် ကောင်းမွန်လာအောင် နောက်ထပ် ဘာတွေ တိုးမြှင့်လုပ်ဆောင်ရမယ်ဆိုတာအတွက် လေ့လာမှာပါ”။

မစ္စတာဂူတားရက်စ်ဟာ နအဖစစ်အစိုးရ နိုင်ငံခြားရေး၊ ပြည်ထဲရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား၊ နယ်စပ်စည်ပင် (နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး) စတဲ့ဝန်ကြီးတွေနဲ့ တွေ့ဆုံဖို့ရှိတယ်လို့ မစ္စယန်တီက ပြောပါတယ်။ နအဖစစ်အုပ်စုက လှေစီးပြေးဒုက္ခသည်တွေအနက် ကိုယ့်ကိုယ်ကိုယ် ဘင်္ဂါလီ လူမျိုးပါလို့ သက်သေပြနိုင်သူတွေကို ပြန်ပြီးလက်ခံမယ်လို့ ပြီးခဲ့တဲ့ ၁၄ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှာ စစ်အုပ်စုကိုယ်စားလှယ်က သဘောတူခဲ့ပါတယ်။ မစ္စတာဂူတားရက်စ်ဟာ မြန်မာပြည်ကိုမသွားခင် ထိုင်းနိုင်ငံကိုဝင်ရောက်ပြီး ရိုဟင်ဂျာအရေးနဲ့ပတ်သက်လို့ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကာဆစ်ပီရွန် (မ်) ယာနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ကနေ ပင်လယ်ပြင်ကိုဖြတ်ပြီး ထိုင်း၊ အင်ဒိုနီးရှား စတဲ့ အိမ်နီးချင်းနိုင်ငံတွေကို ရောက်ရှိသွားတဲ့ ရိုဟင်ဂျာ လှေစီးပြေးဒုက္ခသည်တွေပြဿနာဟာ ဒေသတွင်းအရေးဖြစ်လာပြီးနောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရဲ့ မြန်မာနိုင်ငံခရီးစဉ် စတင်လာတာပါ။ မဟာမင်းကြီးဟာ လာမယ့် ကြာသပတေးနေ့ မတ် ၁၂ ရက်မှာ မြန်မာနိုင်ငံကနေ ပြန်လည်ထွက်ခွာမှာဖြစ်ပါတယ်။

**DVB ၊ မတ်လ ၁၀ ။ ။** ရခိုင်ပြည်နယ်က ရိုဟင်ဂျာလှေစီးပြေး ဒုက္ခသည်တွေ အရေးအပါအဝင် ကိစ္စရပ်တွေအတွက် နအဖစစ်အုပစုနဲ့ တွေ့ဆုံဆွေးနွေးဖို့ မြန်မာနိုင်ငံကို ရောက်ရှိနေတဲ့ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး က ရခိုင်ပြည်နယ်မှာ လက်တွေ့လေ့လာဖို့အတွက် ရန်ကုန်ကနေ စစ်တွေမြို့ကို ဒီမနက် ထွက်ခွာသွားပါတယ်။

မဟာမင်းကြီး အန်တိုနီယို ဂူတားရက်စ်ဟာ ရွှေ့ပြောင်းနေရာချထားမှုပြဿနာပေါ်ပေါက်နေတဲ့ ရခိုင်ပြည်နယ်ကို သွားရောက်လေ့လာတာဖြစ်တယ်လို့

စာမျက်နှာ ၁၂ သို့

# လွတ်မြောက်လာသည့် ရှေ့နေကြီးဦးအောင်သိန်းနဲ့ ဆက်သွယ်မေးမြန်းချက်

**DVB ၊ မတ်လ ၆ ။ ။** လူ့အခွင့်အရေးလှုပ်ရှားသူတွေရဲ့ အမှုတွေကို လိုက်ပါဆောင်ရွက်ပေးနေ တရားရုံးချုပ်ရှေ့နေကြီး ဦးအောင်သိန်း ရောဝတီတိုင်း ပုသိမ်ထောင်ကနေ မနေ့က ပြန်လွတ်လာပါတယ်။

အာဏာပိုင်တွေက သူ့ကို တရားရုံး မထီမဲ့မြင်ပြုမှု ပုဒ်မ ၃ နဲ့ တရားစွဲပြီး ပြီးခဲ့တဲ့နိုဝင်ဘာမှာ ထောင်ဒဏ် ၄ လ ချမှတ်ပါတယ်။ သူနဲ့အတူပြစ်ဒဏ်ချမှတ်ခံရတဲ့ တရားရုံးချုပ်ရှေ့နေ ဦးခင်မောင်ရှိန်လည်း ပြန်လွတ်လာပါတယ်။ ဦးအောင်သိန်းအား ဆက်သွယ်မေးမြန်းချက်တင်ပြလိုက်ပါတယ်။

ကျန်းမာရေးအခြေအနေ သိရပါစေ…

“ကျန်းမာရေးကောင်းပါတယ်။ ပြန်တော့ ချက်ကပ် check up (ဆေးစစ်) လုပ်ရမှာပေ့ါလေ၊ ဆီးချို သွေးချို ရှိတယ်ဆိုတော့။”

ပုဒ်မ ၃ နဲ့ ပြစ်ဒဏ်ချမှတ်ခံရတဲ့အပေါ် ဘာပြောစရာရှိလဲ…

“ဒီကိစ္စက ကိုယ့်ကိုယ်ကိုယ်တောင် တခါတလေကျရင် စဉ်းစားလို့မရဘူး။ အမှန်က တရားရုံးကို မထီမဲ့မြင်ပြုလုပ်တယ်ဆိုတဲ့ကိစ္စက အမှုသည်တွေက နေပြီးတော့ ‘တရားစီရင်ရေးကို အယုံအကြည်မရှိတော့ပါဘူး၊ ရှေ့နေများကလည်းမဆောင်ရွက်ပေးပါနဲ့တော့၊ ကျနော်တို့ ပါဝါပြန်ရုပ်သိမ်းပါတယ်’ ဆိုပြီးတော့ တရားသူကြီးကို သူတို့ကိုယ်တိုင် နှုတ်ကနေပြောတာ၊ ဒီစကားလုံးတွေက ချန်လို့ ရတဲ့ကိစ္စရပ်တွေ မဟုတ်ဘူး၊ အဲဒီပြောတဲ့ကိစ္စကို အန်ကယ်တို့က နောက်တချိန်း ရုံးချိန်းမှာ တရားသူကြီးကိုပြောပြီးတဲ့နောက်ပိုင်း နောက်တချိန်းကျမှ အန်ကယ်တို့က စာနဲ့တရားဝင် ‘ဒီလို ဒီလိုအမှုသည်တွေက ပြောတယ်။ ဒါကြောင့် ကျနော်တို့က ရှေ့နေပါဝါရုပ်သိမ်းပါတယ်’ ဆိုပြီး အောက်ကနေ ကိုယ်ကနေပြီးတော့ ကွန်ကလူးရှင်း conclusion (ကောက်ချက်) ဆွဲပြီးတော ပါဝါရုပ်သိမ်းတာ။ အဲဒါကို အမှုသည်တွေက မပြောဘူးဆိုရင်၊ အမှုသည်တွေကမပြောဘဲ ရှေ့နေကဒါကို ထည့်ရေးတယ်ဆိုတဲ့ပုံစံမျိုး၊ သဘောမျိုးများ သက်ရောက်နေသလားမသိဘူးပေ့ါနော်။ အန်ကယ်တို့ဘက်က ပြောရင်တော့ အဲဒီလို အငြင်းပွားစရာအကြောင်းခြင်းရာရှိရင် inquiry (စုံစမ်း) လုပ်သင့်တယ်ပေ့ါနော်၊ အင်ကွာရီလုပ်ပြီးမှသာလျှင် ခြေခြေမြစ်မြစ် ပြစ်ဒဏ်ပေးသင့်တယ်ပေ့ါနော်။ အခုဟာက တရားသူကြီးချုပ်ကိုယ်တိုင်ကတောင်မှ ‘အမှုသည်တွေကိုယ်နှိုက်က စွပ်စွဲခံရသူတွေကိုယ်တိုင်က လက်မှတ်တွေထိုးထားပါတယ်’ ဆိုပြီးတော့ သုံးသပ်ပြီးပေး တယ်။ အဲဒီလို သုံးသပ်ထားပါလျက်နဲ့ ၂၉ ရက် ဆယ်လမှာ တရားရုံးချုပ်ကခေါ်တယ်ဆိုတာပါတယ်။ ၆ ရက်နေ့မှာ လျှောက်လဲချက်ပေးခိုင်းတယ်။ ၇ ရက်နေ့မှာ ချက်ခြင်း ထောင်ဒဏ် ၄ လဆိုပြီး ချလိုက်တယ်”။

ထောင်ဒဏ်ချမှတ်ခံခဲ့ရတဲ့အပေါ် ဥပဒေကြောင်းအရ ကျေနပ်မှုရှိပါသလား။ ဘာပြောချင်ပါသလဲ…

“ထောင်ချတာနဲ့ ပတ်သက်တာကတော့ တရားရုံးချုပ်က သူ့မှာ စီရင်ပိုင်ခွင့်ရှိလို့ သူစီရင်တဲ့အပိုင်းပေ့ါလေ။ ဒီဟာတော့ အထွေအထူးပြောစရာမလိုဘူး။ ဒါပေမယ့် စုံစမ်းစစ်ဆေးမှု မပြုလုပ်ဘဲနဲ့ ဒီလို ‘တရားစီရင်ရေးအပေါ်မှာ မယုံကြည်တော့ကြောင်း’ဆိုတဲ့စာကြောင်းလေးတကြောင်းကို ကြည့်ပြီးတော့ ရှေ့နေတယောက်ကို ပြစ်ဒဏ်ချမှတ်လိုက်တာကဖြင့် အင်မတန်မှကိုပဲ မသင့်လျော်ဘူးလို့ပဲ ယူဆတယ်။ ဒါဟာ သမိုင်းပါပဲ။ ဒီလို ပုဒ်မမျိုးတွေနဲ့ရှေ့နေကို ထောင်ချတာတို့၊ ဒီလိုပုဒ်မမျိုးနဲ့ အရပ်သူအရပ်သားတွေကို ထောင်ချတယ်ဆိုတာ မရှိသလောက်ကို ရှားတယ်။ အန်ကယ့်အတွေ့အကြုံအနေနဲ့ပြောရင်တော့ မရှိသလောက်ပဲ၊ နောက်ပြီး ထောင်ချတာကလည်း သိပ်မြန်ဆန်လွန်းတယ်။ ဒီနေ့လျှောက်လဲချက်ပေးတယ်၊ နောက်နေ့ ထောင်ချလိုက်တယ်။ ဘာကြောင့် စီရင်လိုက်တယ်ဆိုတာ ကိုယ်နားထောင်ခွင့်မရလိုက်ဘူး။ အဲဒီစီရင်ချက်ကို ကူးထားပြီး အိမ်ကျမှပဲ ပြန်ဖတ်ရမှာပဲ။ ဘာပဲပြောပြောလေ။ ဒါ သမိုင်းက အဖြေပေးပါလိမ့်မယ်။ ကိစ္စမရှိပါဘူး။ ရှေ့နေထောင်ရောက်တာတို့၊ ဝန်ကြီးတွေထောင်ထဲရောက်သွားတာတို့၊ အလွှာမျိုးစုံ ထောင်ဆိုတာရှိနေကြတာပဲ။ ဒါက ကိုယ့်အလုပ် ကိုယ့်တာဝန်ကို ကိုယ်လုပ်တယ်လို့ပဲ အန်ကယ်တို့က အဲဒီလိုမြင်တယ်”။

ထောင်မကျခင်တုန်းက နိုင်ငံရေးနဲ့ဆက်စပ်ဖမ်းခံရသူတွေရဲ့အမှုတွေကို လိုက်ပါဆောင်ရွက်တာ တွေ့ရပါတယ်။ ၈၈ မျိုးဆက်ကျောင်းသားတွေ၊ သံဃာတော်တွေ၊ လူ့အခွင့်အရေးလှုပ်ရှားသူတွေဘက်က အမှုတွေလိုက်ခဲ့တယ်၊ ဒီလို လိုက်ပါဆောင်ရွက်ရင်းနဲ့ ကိုယ်တိုင်လည်း ထောင်ဒဏ်ကျခံရတယ်။ အခုပြန်လွတ်တော့ ဘာဆက်လုပ်မလဲ…

“လုပ်ရိုးလုပ်စဉ်အလုပ်ပဲ ဆက်လုပ်ရမှာပေ့ါလေ၊ ပြောစရာရှိတာလည်း ပြောရမှာပေ့ါလေ”။

ပုသိမ်ထောင်ထဲမှာ ထူးထူးခြားခြား အဖြစ်အပျက်ကြုံတွေ့ခဲ့ရပါသလား ခင်ဗျာ…

ဘာမှတော့ ထူးထူးခြားခြားမတွေ့ပါဘူး။ ကိုယ်က တိုက်မှာနေရတော့လည်း၊ အပြင်နဲ့ အဆက်အသွယ် ဘာညာဆိုတာ၊ ကိုယ့်တိုက်မှာပဲ ဝင်းအတွင်းလောက်ပဲနေရတာကိုး။ လူ ၁၂ ယောက်လောက်နဲ့ပဲနေရတာကိုး၊ တခြားအမှုတွဲတွေနဲ့လေ။ အပြင်ဘာညာတွေ အထွက်အပြူမှမရှိတာ၊ အပြင်က ဝန်ထမ်းတောင်မှ အန်ကယ်တို့တိုက်ဝင်းဘက်ကို လာတာမှမဟုတ်ဘဲနဲ့၊ ဘာမှ ထွေထွေထူးထူးတော့ အပြင်လောကနဲ့ပတ်သက်လို့မသိပါဘူး”။

ပြန်လွတ်လာတဲ့ အထိမ်းအမှတ်အဖြစ် ထူးထူးခြားခြား ဘာများပြောစရာရှိလဲခင်ဗျ…

“ ဒီလိုပါပဲ။ ကိုယ်က လသားလောက်ရှိပါတယ်။ ထောင်စကားပြောရရင် အသားစားရက်လောက်တောင် မရှိပါဘူး။ လေ့လာရေးတခုလာရတာပေ့ါကွာ။ ဆောင်းခိုဂှက်လိုပေ့ါနော်။ ရန်ကုန်ကနေပြီးတော့ ဒီရောဝတီတိုင်းဘက်ကို လာရတယ်ဆိုတော့ ဆောင်းခိုဂှက်လိုပေ့ါ။ ဆောင်းတွင်းလည်းကုန်ရော ရန်ကုန်ပြန်ရတာပေ့ါ”။

---

## ထိုင်းနယ်စပ်ရှိအင်အားစုများ မလှုပ်ရှားနိုင်တော့

**DVB ၊ မတ်လ ၁၁ ။** ။ ထိုင်း–မြန်မာနယ်စပ်အခြေစိုက် မြန်မာဒီမိုကရေစီရေးအဖွဲ့အစည်းတွေကို ထိုင်းအာဏာပိုင်တွေက စစ်ဆေးရှင်းလင်းမယ်လို့ သတင်းတွေထွက်ပေါ်နေတာကြောင့် လှုပ်ရှားမှုတွေ ရပ်ထားရတယ်လို့ မဲဆောက်အခြေစိုက် မြန်မာ့ဒီမိုကရေစီရေး ဆောင်ရွက်နေသူတဦးက ပြောပါတယ်။

ထိုင်း–မြန်မာနယ်စပ်ရှိ ကေအန်ယူ ကရင်အမျိုးသားအစည်းအရုံး အဖွဲ့ဝင်တွေကို မြန်မာပြည်ဘက်ပြန်သွားဖို့ ထိုင်းအာဏာပိုင်တွေက အရင်လမှာ အသိပေးပြီးနောက်ပိုင်း နယ်စပ်တလျှောက်ရှိ မြန်မာအတိုက်အခံအဖွဲ့အစည်းတွေကိုပါ ရှင်းလင်းမယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်နေတာလို့ပြောပါတယ်။

“လက်သိပ်ထိုးပဲ လျှို့လျှို့ဝှက်ဝှက်လုပ်နေရတာပ့ါဗျာ၊ တခုခုလုပ်စရာရှိတာကို ပွင့်ပွင့်လင်းလင်း ကြေညာချက်တွေဘာတွေထုတ်ပြန်ပြီးတော့ လူစုဆောင်းတာတို့ လူစုဝေးတာတို့ ဆွေးနွေးပွဲလုပ်တာတို့ ဟောပြောပွဲလုပ်တာတို့ မလုပ်နိုင်တော့ဘူးပေ့ါ။”

“မြန်မာ့ဒီမိုကရေစီရေး လူ့အခွင့်အရေး ငြိမ်းငြိမ်းချမ်းချမ်း လှုပ်ရှားနေသူတွေ၊ အဖွဲ့တွေကို လုပ်ပိုင်ခွင့်ပေးဖို့ ထိုင်းအစိုးရကို မေတ္တာရပ်ခံချင်တယ်” လို့ အက်ဖ်ဒီဘီ မြန်မာနိုင်ငံဒီမိုကရက်တစ် အင်အားစု အတွင်းရေးမှူးချုပ် ဒေါက်တာနိုင်အောင်က ပြောကြားပါတယ်။ မြန်မာဒီမိုကရေစီရေးအဖွဲ့အစည်းတွေကို ထိုင်းအာဏာပိုင်တွေက စစ်ဆေးရှင်းလင်းမယ်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်လို့ ဒီလ

**စာမျက်နှာ ၆ သို့**

# အာဆီယံနဲ့ ကုလသမဂ္ဂချာလပတ်လည်

**ဦးအောင်ခင်**

**မျက်မှောက်ရေးရာသုံးသပ်ချက်**

လွန်ခဲ့တဲ့နှစ် မေလ က နာဂစ်မုန်တိုင်းကြောင့်ဖြစ်ပေါ်လာတဲ့ လေဘေး ကယ်ဆယ်ရေးမှာ ကုလသမဂ္ဂ–အာဆီယံအဖွဲ့နဲ့ ဗမာစစ်အစိုးရ သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်နိုင်တာကိုကြည့်ပြီး အာဆီယံက စိစဉ်တာကို အဖွဲ့ဝင်ဖြစ်တဲ့ ဗမာစစ်အစိုးရက လက်ခံလိမ့်မယ်လို့ ယူဆခဲ့ကြတယ်။ အပြည်ပြည်ဆိုင်ရာက ပေးတဲ့ ကယ်ဆယ်ရေးအကူအညီကို သုံးပွင့်ဆိုင်အဖွဲ့ကတဆင့် လက်ခံတာကို ဗမာစစ်အစိုးရက ယုံကြည်တဲ့အတွက် ရှေ့နှစ်ဇူလိုင်လအထိ တနှစ် ထပ် သက်တမ်းတိုးတာကို အာဆီယံက ကြိုဆိုတယ်။

ဒါပေမဲ့ မတ်လဆန်းကထုတ်ပြန်တဲ့ ၁၄ ကြိမ်မြောက် အာဆီယံထိပ်သီး ညီလာခံကြေညာချက်ကိုကြည့်ရင် မြန်မာ့ဒီမိုကရေစီအရေးမှာ အာဆီယံအဖွဲ့ လက်လျှော့လိုက်တာကို သိနိုင်တယ်၊ ဗမာစစ်အစိုးရ အမျိုးသားပြန်လည်သင့် မြတ်ရေးလုပ်တာကို ထောက်ခံအားပေးကြောင်း၊ ဒီနေရာမှာ နိုင်ငံရေးအကျဉ်း သားတွေကို လွှတ်ပေးပြီး ၂၀၁၀ ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီအားလုံးကို ပါဝင်ခွင့်ပြုရင် အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်စဉ်ကို အများကြီး အထောက် အကူပြုနိုင်ကြောင်း ကြေညာချက် အပိုဒ် ၄၂ မှာ ဖော်ပြတယ်။ ဗမာစစ်အစိုးရ မငြိုငြင်အောင် ရေးသားထားမှန်းသိသာတယ်။

အရင်လို တိုက်တွန်းတာတို့ဘာတို့ မလုပ်တော့ပဲ ကုလသမဂ္ဂအထူး ကိုယ်စားလှယ် ၂ ဦးဖြစ်တဲ့ ဒေါက်တာ ဂမ်ဘာရီကိုရော ကင်တားနားကိုရော လက်ခံတွေ့ဆုံတဲ့ ဗမာစစ်အစိုးရရဲ့ဆောင်ရွက်ချက်ကို ထောက်ခံကြိုဆိုကြောင်း သာဖော်ပြတယ်။ ထူးခြားတာကတော့ မြန်မာ့ဒီမိုကရေစီအရေးမှာ အာဆီယံ အဖွဲ့ပါဝင်ဆွေးနွေးနေတာကို ဗမာစစ်အစိုးရက လက်မခံပဲ ကုလသမဂ္ဂနဲ့သာ ဆက်ဆံလိုတယ်လို့ တံခါးပိတ်ဆွေးနွေးပွဲမှာ ဗမာဝန်ကြီးချုပ်က ပြောသွားတယ် လို့ သတင်းစာရှင်းလင်းပွဲမှာ မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက် ဘာဒါဝီ က ပြောသွားတာပါပဲ၊ အာဆီယံပဋိဉာဉ် အတည်ပြုပြီး ပထမဦးဆုံးအကြိမ် ကျင်းပတဲ့ထိပ်သီးညီလာခံမှာ မြန်မာပြည်တွင်းရေးမဆွေးနွေးကြဖို့ ဗမာဝန်ကြီး ချုပ်က ဆိုတာပါပဲ။

အာဆီယံ ၈ နိုင်ငံက အရပ်သားအဖွဲ့အစည်းကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံဖို့ ကြိုတင်စီစဉ်ထားတဲ့ကိစ္စကိုလည်း ဗမာနဲ့ ကမ္ဘောဒီးယားဝန်ကြီးချုပ် က ကန့်ကွက်လို့ သူတို့နိုင်ငံသားကိုယ်စားလှယ် ၂ ဦး တွေ့ဆုံပွဲတက်ရောက် ခွင့် မရတော့ပါဘူး။ တယောက် တပေါက်ဖြစ်နေတဲ့ အာဆီယံအဖွဲ့ဝင်ပြဿနာ ကို ဒီနေရာမှာ တွေ့နိုင်တယ်။ လာအိုအရပ်သားအဖွဲ့အစည်းကတော့ အာဆီယံ ညီလာခံကိုတက်ရက် အစိုးရရန်ရှာမှာစိုးလို့ ကိုယ်စားလှယ်မလွှတ်ဘူး၊ ဘရူနိုင်း နိုင်ငံမှာ အာဏာရှင်ဘုရင်စနစ်ကြီးစိုးတဲ့အတွက် အရပ်သားအဖွဲ့ဆိုတာမရှိတဲ့ အတွက် ကိုယ်စားလှယ်လည်း မရှိဘူး။

ဒါကြောင့် ၈ နိုင်ငံက အရပ်သားအဖွဲ့ကိုယ်စားလှယ်ကိုပဲ လက်ခံ တွေ့ဆုံဖို့ အာဆီယံရုံးချုပ်က ဆုံးဖြတ်ခဲ့တယ်။ ဗမာနဲ့ ကမ္ဘောဒီးယားက ကန့်ကွက်လို့ အာဆီယံ ၁၀ နိုင်ငံအနက် ၆ နိုင်ငံက အရပ်သားကိုယ်စားလှယ် အဖွဲ့သာ ညီလာခံတက်နိုင်ခဲ့တယ်။ ဒီဖြစ်ရပ်ကိုကြည့်ရင် အာဆီယံအဖွဲ့ကစိစဉ် တိုင်း လိုက်နာမှာမဟုတ်ကြောင်း ပြသလိုက်တာပါပဲ။

၂၀၀၇ နိုဝင်ဘာလက စင်္ကာပူမှာ အာဆီယံခေါင်းဆောင်တွေလက်မှတ် ထိုးခဲ့တဲ့ အာဆီယံပဋိဉာဉ်စာချုပ်မှာ ဒီမိုကရေစီမြှင့်တင်ရေး၊ လူ့အခွင့်အရေး ကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးကောင်းမွန်ရေးစတာတွေကို ဦးတည်တယ်လို့ ဖော်ပြတယ်။ ဒါကြောင့် အာဆီယံပြည်သူတွေကို လေးစား ကြောင်းပြသတဲ့အနေနဲ့ အရပ်သားအဖွဲ့က ကိုယ်စားလှယ်တွေနဲ့ အာဆီယံ ခေါင်းဆောင်တွေတွေ့ဖို့ စီစဉ်လိုက်တာဖြစ်ပုံရပါတယ်။ ဗမာက ကန့်ကွက်တော့ ဗမာကိုယ်စားလှယ် တက်ခွင့်မရဘူးပေါ့။

ဒါမျိုး အရင်ကလည်းဖြစ်ခဲ့ဘူးတယ်။ ၂၀၀၇ ခုနှစ်က စင်္ကာပူမှာ အာဆီယံထိပ်သီးညီလာခံကျင်းပတော့ ကုလသမဂ္ဂကြားဝင်ဆောင်ရွက်တာကို ရှင်းပြဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့ အိမ်ရှင်စင်္ကာပူအစိုးရက ကုလသမဂ္ဂအထူးကိုယ် စားလှယ် ဂမ်ဘာရီကို ဖိတ်ထားတယ်။ ဂမ်ဘာရီကလည်း အာဆီယံအဖွဲ့ရဲ့ အကူအညီများရလေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ စင်္ကာပူမှာ လာစောင့်တယ်။

ဒါပေမဲ့ ဗမာဝန်ကြီးချုပ်က ကန့်ကွက်တဲ့အတွက် ဂမ်ဘာရီဟာ အာဆီယံညီလာခံမှာ စကားပြောခွင့်မရလိုက်ဘူး။ မြန်မာ့ဒီမိုကရေစီအရေးမှာ အာဆီယံအဖွဲ့က စွမ်းဆောင်နိုင်တာဆိုလို့ ဘာတခုမှ မရှိသေးဘူးလို့ ပြောနိုင် တယ်။ အာဆီယံနိုင်ငံတွေရဲ့လိုအင်ဆန္ဒကို ဗမာစစ်အစိုးရက လိုက်လျောပြီးဖြစ် လို့ မြန်မာ့ကိစ္စမှာ အာဆီယံက ဝင်ပြောစရာမလိုဘူးလို့ ဗမာဘက်က ယူဆ ထားပုံရတယ်။ အာဆီယံရဲ့အလှည့်ကျဥက္ကဋ္ဌမလုပ်ဖို့ ဖိုင်းပြောတဲ့အတိုင်း ဗမာ စစ်အစိုးရမလုပ်ဖို့ ၂၀၀၅ မှာ ဆုံးဖြတ်ခဲ့တယ်။

၂၀၀၆ ခုနှစ်ဟာ ဗမာစစ်အစိုးရ အာဆီယံအဖွဲ့ရဲ့ အလှည့်ကျဥက္ကဋ္ဌ လုပ်ရမယ့်အချိန်အခါပါပဲ၊ ဒါပေမဲ့ လူ့အခွင့်အရေးအဖောက်ဖျက်ဆုံးနဲ့ နာမည် အပျက်ဆုံး ဗမာစစ်အစိုးရဥက္ကဋ္ဌလုပ်ရင် အာဆီယံနဲ့ အဆက်အသွယ်ဖြတ်မယ် လို့ အမေရိကန်နဲ့ ဥရောပက ခြိမ်းခြောက်ထားလို့ ဥက္ကဋ္ဌမလုပ်ဖို့ ဗမာစစ်အစိုးရ ကို အာဆီယံနိုင်ငံတွေက ဖိုင်းပြီးနားချခဲ့ရတယ်။

အဲဒီတုန်းက အရှေ့တီမောနိုင်ငံခြားရေးဝန်ကြီးဖြစ်တဲ့ ဟိုဆေးရားမို့စ် ဟော်တာကလည်း အာဆီယံဥက္ကဋ္ဌမလုပ်သင့်ကြောင်း ဗမာစစ်ဗိုလ်တွေကို ရန်ကုန်ရောက်တုန်းက ပြောပြခဲ့တယ်။ တနည်းဆိုရင်တော့ ဗမာစစ်အစိုးရမှာ အာဆီယံအဖွဲ့ဥက္ကဋ္ဌလုပ်ဖို့ ဂုဏ်အင်္ဂါရော၊ အရည်အချင်းရောမရှိတဲ့အတွက် မလုပ်ပါနဲ့လို့ ဖိုင်းပြောတာပါပဲ။ ဒါကြောင့် ၂၀၀၅ ခုနှစ် လာအိုနိုင်ငံ ဗီရန်ရှင်း မှာ လာစောင့်နေတဲ့ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ရာဇာလီကိုလည်း အတွေ့မခံဘူး။ မြန်မာ့ဒီမိုကရေစီအရေးမှာ ကြားဝင်ဆောင်ရွက်နေတဲ့ ကုလ သမဂ္ဂအထူးကိုယ်စားလှယ် ရာဇာလီကို အာဆီယံညီလာခံမှာတွေ့ဆုံဖို့ ငြင်း ဆန်တာဟာ သံတမန်ရေးရာအရ အလွန်ရိုင်းစိုင်းတဲ့အပြုအမူလို့ ယူဆကြ တယ်။

သံအမတ်အတွေ့အကြုံရင့်တဲ့ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဦးဝင်းအောင် ကတော့ ရာဇာလီကို ညီလာခံအတွင်း တွေ့ဆုံနိုင်အောင် စီစဉ်ပေးခဲ့တယ်လို့ သိရတယ်။ ဒီလိုတွေ့ခွင့်မရ ပြည်ဝင်ခွင့်မရဖြစ်တာတွေများလာတဲ့အခါ ရာဇာလီ စိတ်ပျက်ပြီး ကုလသမဂ္ဂအထူးကိုယ်စားလှယ်အဖြစ်က နုတ်ထွက်လိုက်ပါတော့ တယ်။ ရာဇာလီရဲ့နေရာကို ဒေါက်တာဂမ်ဘာရီက ဆက်ခံတာပါ။

ဂမ်ဘာရီရဲ့ဆောင်ရွက်ချက်ကို ဗမာစစ်အစိုးရက ကတ္တာကောစ လုပ်နေ လို့ အတွင်းရေးမှူးချုပ် ကြံရာမရဖြစ်ပြီး ကုလသမဂ္ဂမြန်မာမိတ်ဆွေ ၁၄ ဦးအဖွဲ့ ကို ၂၀၀၇ နှောင်းပိုင်းမှာ ဖွဲ့စည်းလိုက်ရတာပါ၊ အဲဒီအထဲမှာ အာဆီယံအဖွဲ့ဝင် တွေဖြစ်တဲ့ အင်ဒိုနီးရှား၊ ထိုင်း၊ စင်္ကာပူနဲ့ ဗီယက်နမ်တို့ပါတယ်။ လုံခြုံရေးကောင် စီရဲ့အမြဲတမ်းအဖွဲ့ဝင်တွေဖြစ်တဲ့ အမေရိကန်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှားနဲ့ တရုတ် အပြင် အိန္ဒိယ၊ ဂျပန်၊ ဩစတြေးလျား၊ နော်ဝေးနဲ့ ဥရောပအဖွဲ့ကိုယ်စားလှယ် တွေပါတယ်။

အခုတော့ အာဆီယံအဖွဲ့ဝင်က ဆွေးနွေးတာကိုလက်မခံနိုင်ဘူးလို့ ဗမာ ဝန်ကြီးချုပ်ပြောသွားတာမို့ ဗမာ့ဒီမိုကရေစီအရေးမှာ ကြားဝင်ဆောင်ရွက်မယ့် သူဟာ ကုလသမဂ္ဂတခုတည်းသာ ရှိပါတော့တယ်။ ဒါပေမဲ့ ကုလသမဂ္ဂအထူး ကိုယ်စားလှယ်တွေရဲ့ကြားဝင်ဆောင်ရွက်ချက်ဟာ မျှော်လင့်စရာမရှိပါ။

**စာမျက်နှာ ၇ သို့**

# စစ်တပ်ပိုင် မြဝတီသတင်းစာထုတ်ရန်စီစဉ်လျက်ရှိ

**NEJ ၊ မတ်လ ၁၃ ။ ။** နအဖစစ်အုပ်စုက စစ်တပ်ပိုင် မြဝတီသတင်းစာစောင်ထုတ်ရန် စီစဉ်နေကြောင်း အဆိုပါသတင်းစာအတွက် အကြံဉာဏ်ပေးနေသူ အငြိမ်းစား နအဖသတင်းစာ စာတည်းမှူးတဦးက ပြောပါတယ်။

သူက "သူတို့က ၂၀၀၈ ခုနှစ်ကတည်းက ပြင်ဆင်နေတာ၊ လုပ်မယ့် သတင်းစာကတော့ လက်ရှိထွက်နေတဲ့ မြန်မာ့အလင်း၊ ကြေးမုံလို ပုံစံပဲ၊ လစာပေးစနစ်တွေကိုပါ၊ အဲဒီသတင်းစာတွေကိုကြည့်ပြီး လုပ်နေတာ၊ ဒါပေမယ့် စစ်တပ်ပိုင်လုပ်မှာဆိုတော့ ခန့်ထားတဲ့စာတည်းမှူးကအစ အရာရှိအဆင့်အများစုဟာ တပ်မတော်သားတွေပဲဖြစ်တယ်"။

အဲဒီသတင်းစာထုတ်ဝေရေးနဲ့ပတ်သက်ပြီး မြဝတီသတင်းစာတိုက် ဖွဲ့စည်းပုံ၊ လက်ရှိအင်အားနဲ့ လိုအပ်ချက်၊ လစာပေးစနစ်၊ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများနဲ့ နှိုင်းယှဉ်ချက်စတဲ့ စာတမ်းများအပြင် ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်နေ့က ပြုလုပ်တဲ့ မြဝတီသတင်းစာတိုက် ပုံနှိပ်ဖြန့်ချိရေးလုပ်ငန်းအတွက် သတင်းစာဆရာကြီးများနဲ့ တွေ့ဆုံပွဲမှတ်တမ်းများကိုလည်း ခေတ်ပြိုင်က ဖတ်ရှုခွင့်ရရှိခဲ့ပါတယ်။

ခေတ်ပြိုင်က ဖတ်ရတဲ့ မှတ်တမ်းများအရ မြဝတီသတင်းစာတိုက်ကို စာတည်းမှူးချုပ် ဒုဗိုလ်မှူးကြီးဝင်းဗိုလ်၊ အုပ်ချုပ်မှုဌာန ဗိုလ်ကြီးဇော်လှိုင်မြင့်နဲ့ အခြားအဆင့် ၂၈ ဦး၊ စာတည်းဌာန မြန်မာတာဝန်ခံ ဗိုလ်မှူးအောင်နေထွန်း၊ ဗိုလ်ကြီးအောင်ဆန်းဦးနဲ့ တပ်သား ၃ ဦး၊ သုတေသနမှူးဗိုလ်ကြီးလှိုင်မြင့်ထွန်း စသဖြင့် ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။

မြဝတီသတင်းစာတိုက်သည် အရာရှိနဲ့ အခြားအဆင့်ဆင့် စုစုပေါင်း – ဝန်ထမ်း ၁၅၀ ဦးရှိတဲ့ မြန်မာ့အလင်းသတင်းစာတိုက်နည်းတူ ဝန်ထမ်းအင် အားစုစုပေါင်း ၁၄၁ ဦးနဲ့ လုပ်ကိုင်ရန် လျာထားတာကိုတွေ့ရပါတယ်။ သို့သော် တပ်မတော်သား အရာရှိ အရာခံ အကြပ်တပ်သား ဝန်ထမ်းစုစုပေါင်း ၄၅ ဦး သာ ခန့်ထားနိုင်သေးပြီး၊ အခြားလိုအပ်တဲ့ အရာရှိအခြားအဆင့် ကျွမ်းကျင်ဝန်ထမ်းများရရှိရန်ရှာဖွေနေကြောင်းလည်း သိရပါတယ်။

လစာပေးစနစ်နဲ့ပတ်သက်လို့ မြန်မာ့အလင်း ကြေးမုံသတင်းစားများပေးတဲ့အတိုင်း စာတည်းမှူးချုပ်တလ ကျပ် ၁၄၀၀၀၀၊ တနှစ် ၂၀၀၀ တိုး တလ ၁၅၀၀၀၀ ဂိတ်ဆုံး၊ စာတည်းမှူးတလ ၁၂၀၀၀၀– ၁၃၀၀၀၀၊ စသဖြင့် ရာထူးအဆင့်ဆင့်အတိုင်း အနိမ့်ဆုံးလစာ ၄၆၀၀၀ အထိ ပေးထားတာတွေ့ရပါတယ်။ ကျန်အောက်ခြေဝန်ထမ်းများကိုတော့ အခြားသတင်းစာတိုက်များနည်းတူ အနည်းဆုံးလစာ ကျပ် ၁၅၀၀၀၊ နေ့စား တရက် ကျပ် ၅၀၀၊ နှုန်းသတ်မှတ် ထားပါတယ်။

နအဖစစ်အုပ်စုသည် စစ်တပ်ပိုင် မြဝတီရုပ်မြင်သံကြား အသံလွှင့်ဌာနကို ထူထောင်ထားပြီး မြန်မာနိုင်ငံအနှံ့က ထပ်ဆင့်လွှင့်ရုံများကိုလည်း မြန်မာ့ရုပ်သံထပ်ဆင့်လွှင့်ရုံများနဲ့ သီးခြားခွဲပြီး စစ်တပ်ပိုင်ဧရိယာများမှာ တည်ဆောက်ထားတာတွေ့ရပါတယ်။ အခု နောက်ပိုင်း မြဝတီရုပ်သံလွှင့်ဌာနသည် မူလရုပ်သံ တလိုင်းတည်း လွှင့်နေရာကနေ နောက်ထပ် ၂ လိုင်းတိုးပြီး စုစုပေါင်း ၃ လိုင်းနဲ့ လွှင့်ထုတ်လာနေတာဖြစ်ပါတယ်။

---

## လူ့အခွင့်အရေးနေ့တွင် ရန်ကုန်၌စစ်တပ်ချထား

**DVB ၊ မတ်လ ၁၃ ။** ။ ဒီနေ့ ၂၁ နှစ်မြောက် မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့ကို အဝေးရောက်မြန်မာတွေကကျင်းပနေပေမဲ့ရန်ကုန်ရှိနိုင်ငံရေး အဖွဲ့အစည်းတွေ ကျင်းပခွင့်မရှိဘူးဖြစ်နေတယ်လို့ နိုင်ငံရေးသမားတွေက ပြောပါတယ်။

အရင်နှစ်တွေမှာ ကျောင်းသားလူငယ်တွေရဲ့လှုပ်ရှားမှု အနည်းအကျဉ်းရှိပေမယ့် ဒီနေ့မှာတော့ ဘာမှမတွေ့ရဘဲ လက်နက်ကိုင်လုံခြုံရေးတွေကို နေရာတိုင်းမှာ မြင်နေရတယ်လို့ ရန်ကုန်မြို့ခံတဦးက ပြောပါတယ်။

"ရဲတွေ သေနတ်တွေနဲ့ တန်းစီပြီးဆင်းလာတာ လုံခြုံရေးယူတာဆိုပြီး နေရာတိုင်းပွနေတာပဲ မျက်စိနောက်စရာပဲ။ သေနတ်တွေတကားကားနဲ့ ရဲဘက်တံဆိပ်နဲ့ ရဲတွေက ကားတန်းကြီးက အရှည်ကြီး၊ ၁၀ စီးလောက်ရှိမယ်၊ အရှည်ကြီးတန်းစီပြီးသွား၊ ဟိုနားဒီနားရောက်ရင် ၅ ယောက် ၁၀ ယောက် လောက်ခုန်ဆင်း၊ ပြီးတော့ ဆက်သွား၊ သေနတ်ကြီးတွေတကားကားနဲ့။ စစ်ပွဲဖြစ်တဲ့တိုင်းပြည်ကျနေတာပဲ။"

ရွှေတိဂုံစေတီ၊ ရွှေဂုံတိုင်၊ လှည်းတန်း စတဲ့နေရာတွေမှာ လက်နက်အပြည့်အစုံတပ်ဆင်ထားတဲ့ အဓိကရုဏ်းနှိမ်နင်းရေးရဲတွေ ထူထူထပ်ထပ်နေရာယူထားတယ်လို့ ရန်ကုန်မြို့ခံတွေကပြောပါတယ်။ လွန်ခဲ့တဲ့ ၂၁ နှစ် ၁၉၈၈ ဒီလိုနေ့မှာ မြန်မာစစ်တပ်က ပစ်ခတ်လို့ ရန်ကုန် စက်မှုတက္ကသိုလ် ကျောင်းသားကိုဖုန်းမော်ကျဆုံးတာကြောင့် ကျောင်းသားတွေ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေ၊ စတဲ့ ဒီမိုကရေစီရေးလှုပ်ရှားသူတွေက 'အာဇာနည်ဖုန်းမော်'နဲ့တကွ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးအတွက် အသက်စွန့်သွားသူတွေကို ဂုဏ်ပြုတဲ့အနေနဲ့ ၁၉၈၉ ကစပြီး လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ဂုဏ်ပြုကျင်းပလာကြတာလို့ အဖွဲ့ချုပ် ဗဟိုကော်မတီဝင် ဦးဝင်းတင်က ပြောပြပါတယ်။

"နဝတစစ်အုပ်စုက ဝေဖန်တယ်ပေါ့ဗျာ၊ ဖုန်းမော်လို ကျောင်းသားလေးတယောက် သေတဲ့ဟာကို အာဇာနည်လို့ ပြောရမလားဘာညာဆိုပြီးတော့ ဝေဖန်တာတွေရှိတယ်ဗျ၊ ကျနော်တို့ကတော့ ဖုန်းမော် အာဇာနည်ပဲ။ ဘာဖြစ်လည်းဆိုတော့ တကယ့် တိုင်းပြည်ကြီးတခုလုံး ဒီစနစ်ကြီးတခုလုံးကို တွန်းလှန်မှု၊ ဖြိုချမှု၊ ကြိုးစားကြတဲ့လူတွေထဲမှာ အမှတ်တရနာမည်နဲ့တကွ သေဆုံးတဲ့ ကျဆုံးရတဲ့လူတွေထဲမှာ ဖုန်းမော် တယောက်အပါအဝင်ဖြစ်တယ်။ "

---

### မျက်နှာဖုံးမှ

မြို့မှာကျင်းပမယ့်ပွဲမှာ ထောင်ဒဏ် ၂၁ နှစ်ကျခံခဲ့ရတဲ့နိုင်ငံရေးအကျဉ်းသူဟောင်း မလဲ့လဲ့က စစ်ကြောရေးနဲ့ထောင်တွင်းအတွေ့အကြုံသာမက လက်ရှိနိုင်ငံရေးအကျဉ်းသူတွေရဲ့ အခက်အခဲတွေကို ရှင်းလင်းတင်ပြမယ်လို့ ပြောပါတယ်။

မေ ၂၄ ရက်ဟာ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို စစ်အုပ်စုက ဖမ်းဆီးထိန်းသိမ်းတာ ၆ နှစ်ပြည့်တဲ့နေ့ဖြစ်လို့ နိုင်ငံတကာက သတိပြုမိအောင် အဲဒီနေ့အထိ လုပ်ဆောင်တာလို့ ဦးတိတ်နိုင်ကပြောပါတယ်။ လက်မှတ်ထိုးကော်မတီအဖွဲ့ဝင် နိုင်ငံရေးအကျဉ်းသားဟောင်း ကိုတင်လှိုင်က "မလွှတ်မချင်း ကျနော်တို့ကတော့ တစိုက်မတ်မတ်လုပ်သွားမှာပဲ" လို့ ဩစတြေးလျားနိုင်ငံကနေ ပြောပါတယ်။ "ကျနော်ကိုယ်၌ကလည်း အေအေပီပီအဖွဲ့ဝင်တယောက်ပဲ။ ထောင်ထွက်တယောက်လည်း ဖြစ်တယ်၊ ဒါတွေက ကျနော်တို့ရဲ့တာဝန်တွေပဲ။" နိုင်ငံရေးအကျဉ်းသား ၂,၁၀၀ ကျော်ရှိတယ်လို့ အေအေပီပီဘီက သတင်းထုတ်ပြန်ထားပါတယ်။

---

### တဘက်မှ

မြန်မာ့ဒီမိုကရေစီရေးအတွက် ကုလသမဂ္ဂက အာဆီယံကို အကူအညီတောင်းလိုက်၊ အာဆီယံက ကုလသမဂ္ဂကို အကူအညီတောင်းလိုက်နဲ့ ချာလပတ်လည်နေတာ လေးငါးနှစ်လောက်ရှိနေပါပြီ။

အစပိုင်းမှာတော့ ဗမာအစိုးရကို အာဆီယံအဖွဲ့က ကာကွယ်ပြောဆိုတယ်၊ ပြောမရ ဆိုမရဖြစ်လာတော့မှ ကုလသမဂ္ဂအကူအညီကိုတောင်းတယ်၊ ဗမာအစိုးရကို တရုတ်က ကာကွယ်နေသရွေ့ ကုလသမဂ္ဂဟာ မြန်မာ့အရေးကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့ အလားမလာမရှိပါဘူး။

# အာဆယ်အစည်းဝေး ဗိုလ်ချုပ်မောင်ဦး တက်ခွင့်မရ

**NEJ ၊ မတ် ၁၁ ။** ။ ဥရောပတိုက်တွင်မကြာခင်ကျင်းပမည့် မူးယစ်ဆိုင်ရာ အီးယူ–အာဆီယံအစည်းအဝေးသို့တက်ရောက်ရန် ပြည်ထဲရေးဝန်ကြီး သို့ မဟုတ် ပြည်ထဲရေးဒုဝန်ကြီးကို မြန်မာစစ်အစိုးရကစေလွှတ်လိုသော်လည်း အဆိုပါပုဂ္ဂိုလ်များအား အီးယူကဒဏ်ခတ်ပိတ်ဆို့ထားသည့်အတွက် လာရောက်ခွင့်မရဟု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းတဦးကပြောပါသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဥရောပကော်မရှင်ရုံးပြောခွင့်ရပုဂ္ဂိုလ်ထံ အတည်ပြုချက်ရရန် အီးမေးလ်ဖြင့်မေးမြန်းထားသော်လည်း အကြောင်းပြန်ကြားချက်မရသေးပေ။ အလားတူ အစည်းအဝေးများသို့ ယခင်က ရဲမှူးကြီးစစ်အေး တက်ရောက်လေ့ရှိသော်လည်း ယခုနှစ်တွင် ရဲမှူးကြီးခမ်းအောင်တက်ရောက်ရန်များသည်ဟု သံတမန်တဦးကပြောပါသည်။

သို့သော် အီးယူက ၂၀၀၈ ခုနှစ်တွင်ထပ်မံဖြည့်စွက်ထားသည့် မြန်မာနိုင်ငံမှဒဏ်ခတ်ထားသူများစာရင်းတွင် ပြည်ထဲရေးဝန်ကြီးဗိုလ်ချုပ်မောင်ဦးနှင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ညွန့်ညွန့်ဦးတို့အမည်လည်းထည့်သွင်းထားသည်ကို ခေတ်ပြိုင်က ဖတ်ရှုရပါသည်။ မြန်မာစစ်ခေါင်းဆောင်များအပေါ် အီးယူမှဗီဇာ ထုတ်မပေးရေး ဒဏ်ခတ်ခြင်း၊ လက်နက်မရောင်းချခြင်း၊ အီးယူနိုင်ငံများရှိ မြန်မာစစ်ခေါင်းဆောင်များ၏ပိုင်ဆိုင်မှုများကိုထိန်းချုပ်ခြင်း၊ အီးယူသို့အထည်အလိပ် အခွန်တင်သွင်းခွင့် အခွန်လျော့ပေါ့သည့် ယေဘုယျအခွန်ကင်းလွတ်ခွင့်ကို ပိတ်ပင်ခြင်းနည်းများဖြင့် ဒဏ်ခတ်ထားသည်။

မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အီးယူ၏အဓိကရည်မှန်းချက်မှာ မြန်မာနိုင်ငံတွင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့်ဆက်ဆံရေးပြန်ထူထောင်နိုင်ပြီး လူ့အခွင့်အရေး လေးစားသည့် လူမှုရေး၊ စီးပွားရေးတိုးတက်မှုကိုရှေ့ရှုသည့် ဒီမိုကရေစီနည်းကျကျ တင်မြှောက်ခံရသည့်အရပ်သားအစိုးရတရပ်ပေါ်ထွန်းရေးဖြစ်သည်။ သို့သော် မြန်မာစစ်အစိုးရ၏လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် မြန်မာနိုင်ငံမှစစ်ခေါင်းဆောင်အများအပြားနှင့် လုပ်ငန်းရှင်များအား အီးယူက ဒဏ်ခတ်ထားသည်။

# ဦးတင်ဦး အသက် ၈၂ နှစ်ပြည့်နေ့

**DVB ၊ မတ်လ ၁၁ ။** ။ နေအိမ်အကျယ်ချုပ်နဲ့ ထိန်းသိမ်းခံနေရဆဲဖြစ်တဲ့ အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးရဲ့ အသက် ၈၂ နှစ်ပြည့် မွေးနေ့ ဆုတောင်းပွဲကို ဂျပန်ရောက် မြန်မာ့ဒီမိုကရေစီအင်အားစုတွေက မနက်ဖြန်မှာ ကျင်းပကြမယ်လို့သိရပါတယ်။

နိုင်ငံရေးလှုပ်ရှားသူတွေ စုပေါင်းပြီး တိုကျိုမြို့က နအဖသံရုံးရှေ့မှာ ဦးတင်ဦးအပါအဝင် နိုင်ငံရေးအကျဉ်းသားတွေ အမြန်ဆုံးပြန်လွှတ်ပေးဖို့ တောင်းဆိုမယ့်အစီအစဉ်ရှိတယ်လို့ တိုကျိုမြို့မှာရောက်နေတဲ့ ဦးတင်ဦးရဲ့သား ကိုသန့်ဇင်ဦးကပြောပါတယ်။ ဒီလ ၈ ရက်နေ့ကလည်း တိုကျိုမြို့က မြန်မာဘုန်းကြီးကျောင်းမှာ ဖခင်အတွက် မွေးနေ့ဆွမ်းကပ်လှူခဲ့တယ်လို့လည်း ကိုသန့်စင်ဦးက ပြောပါတယ်။ အသက် ၈၂ နှစ် ရှိနေပြီဖြစ်တဲ့ သူ့ရဲ့ဖခင်ကို နေအိမ်အကျယ်ချုပ်က နေအမြန်ဆုံးပြန်လွှတ်ပေးစေလိုတဲ့ဆန္ဒရှိပါတယ်လို့လည်း ကိုသန့်ဇင်ဦးက ပြောပါတယ်။

"ဒီအသက်အရွယ်ရောက်နေပြီဆိုတော့ ဒီလိုမွေးနေ့မျိုးမှာ ဘုန်းကြီးကျောင်းကိုသွားပြီး အမျိုးတွေနဲ့ ဆုတောင်းတာမျိုး၊ ဘုရားကိုလွတ်လွတ် လပ်လပ်သွားရတာမျိုး လုပ်သင့်တဲ့အချိန်ရောက်ပြီလို့ ကျနော်ထင်ပါတယ်။ နေအိမ်အကျယ်ချုပ်ကနေ အမြန်ဆုံးပြန်လွှတ်ရပါစေလို၏လို့ ကျနော်တို့ဆုတောင်းပါတယ်။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ရန်ကုန်မြို့ အဖွဲ့ချုပ်ရုံးချုပ်မှာ

# မွေးနေ့ပွဲ အကြောက်တရားမရှိစေလို

**DVB ၊ မတ်လ ၁၁ ။** ။ မနက်ဖြန် မတ်လ ၁၂ ရက်နေ့ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ) ရဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းတင်ရဲ့ ၇၉ နှစ် မြောက်မွေးနေ့ဖြစ်သလို နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့အဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးတင်ဦးရဲ့ ၈၂ နှစ် မြောက်မွေးနေ့လည်းဖြစ်ပါတယ်။

မွေးနေ့အခမ်းအနားလုပ်ဖို့မရှိပေမယ့် မနက်ဖြန် ညနေပိုင်းစားသောက်ဆိုင်တဆိုင်မှာ ကျောင်းနေဘက်သူငယ်ချင်းတွေ၊ စာရေးဆရာတွေ၊ လုပ်ဖော်ကိုင်ဘက် သူငယ်ချင်း ဆယ့်လေးငါးယောက်လောက်နဲ့ မွေးနေ့ပွဲလေးလုပ်ဖို့ ရှိတယ်လို့ ဦးဝင်းတင်က ပြောပါတယ်။ မနက်ဖြန်ကျရောက်တဲ့ ၇၉ နှစ်မြောက်မွေးနေ့အထိမ်းအမှတ်နဲ့ ပတ်သက်ပြီး အရေးအကြီးဆုံးပြောချင်တာက စစ်တပ်အစိုးရကအစ စွမ်းအားရှင်အဆုံး မကြောက်ဖို့လိုကြောင်း ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က "ကြောက်ရင်လည်း ကြောက်ကြောက်နဲ့လုပ်ကြပါ" ဆိုတဲ့ စကားပြောဖူးကြောင်း၊ သူ့အနေနဲ့လည်း မကြောက်တရားကို ပြောချင်ကြောင်း ဦးဝင်းတင်က ပြောပါတယ်။

"လူတွေဟာ ကိုယ့်စိတ်ထဲမှာ ငါမှားလို့ရှိရင် ပြင်မယ်ဆိုတဲ့ စိတ်ဓာတ်ရှိရင် ဘယ်သူနဲ့တွေ့တွေ့ ကိုယ့်ရဲ့အမှားတွေ၊ ကိုယ်ညံ့တာတွေ၊ ကိုယ်ချော်နေတာတွေကိုသိလာမယ်။ သို့မဟုတ်လို့ရှိရင်လည်း သူတပါး မျက်နှာတွေ၊ သူတပါးမှားနေတာတွေ၊ သူတပါးချော်နေတာတွေကို သိလာမယ်။ အဲဒီတော့မှ လူတိုင်း ဆွေးနွေးညှိနှိုင်းလို့၊ လက်တွဲအလုပ်လုပ်လို့ရမယ်။ တယောက်နဲ့ တယောက်နားလည်မှုတွေ၊ ရဲဘော်ရဲဘက်စိတ်တွေ ရှိလာမယ်။"

နေအိမ်အ ကျယ်ချုပ်ချခံထားရတာ ၆ နှစ်ခန့် ရှိနေပြီးဖြစ်တဲ့ အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးရဲ့ ၈၂ နှစ်မြောက်မွေးနေ့နဲ့ပတ်သက်လို့လည်း ဦးတင်ဦးဟာ သူနဲ့နှစ်ပေါင်းများစွာ သိကျွမ်းခဲ့ဖူးသူဖြစ်တဲ့အပြင် အဖွဲ့ချုပ်စထောင်စဉ်ကတည်းက ပါဝင်ခဲ့သူဖြစ်ပြီး ရိုးသားဖြောင့်မတ်ကာ သတ္တိကောင်းပြီး ရပ်တည်ချက်မှန်တဲ့ သူတယောက်ဖြစ်နေတဲ့အတွက် အခုလိုမွေးနေ့အချိန်အထိ အကျဉ်းကျခံနေရတာဟာ စိတ်မကောင်းစရာပဲလို့ ဦးဝင်းတင်က ပြောပါတယ်။

"သူ့ရဲ့လွတ်မြောက်ရေးကိုလည်း ကျနော်တို့ အမြဲတမ်းလိုလားတယ်။ မျှော်လင့်နေတယ်ပေ့ါ။ ကျနော့်မွေးနေ့အတွက် ရွှင်လန်းအားရဖြစ်တာနဲ့အမျှ ဦးတင်ဦးအတွက်လည်းဒီမွေးနေ့မှာ ဦးတင်ဦးသာပါဝင်ဆင်နွှဲရရင် ဘယ်လောက်များကောင်းလိုက်မလဲ၊ တမွေးနေ့တည်းကို တပွဲတည်း အတူတူလုပ်လည်း ရတာပဲဆိုတဲ့ သဘောနဲ့ ကျနော်ဆွေးနွေးမိပါတယ်"။

**စာမျက်နှာ ၃ မှ**

ကုန်မှာ ထိုင်းဝန်ကြီးချုပ်နဲ့ နိုင်ငံတကာအစည်းအဝေးတခုမှာ ဆွေးနွေးဖို့ ပြင်ဆင်ထားပါတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ နိုင်ငံခြားရေးရာတာဝန်ခံ ဦးညိုအုံးမြင့်က ပြောပါတယ်။ ဦးညိုအုံးမြင့်က လက်ရှိ ထိုင်းဝန်ကြီးချုပ် အဘီဆစ်ဝန်ကြီးချုပ်ဖြစ်မလာသေးခင်တုန်းက တွေ့ဆုံဆွေးနွေးခဲ့ ဖူးပြီး မြန်မာ့ဒီမိုကရေစီအတွက် အလားအလာကောင်းနိုင်လိမ့်မယ်လို့ ပြောကြားခဲ့ဖူးပါတယ်။

ဦးတင်ဦးအတွက် မွေးနေ့အထိမ်းအမှတ်အခမ်းအနားပြုလုပ်မယ်လို့သိရပါ တယ်။ အဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဦးတင်ဦးကို ၂၀၀၃ မေလ ဒီပဲယင်း အကြမ်းဖက်တိုက်ခိုက်မှုအတွင်း အာဏာပိုင်တွေက ဖမ်းဆီးပြီး ကလေးထောင်မှာ လအတော်ကြာချုပ်နှောင်ထားခဲ့ပါတယ်။ အဲဒီနောက် ရန်ကုန်ကိုပြောင်းရွှေ့ပြီး နေအိမ်အကျယ်ချုပ်နဲ့ထိန်းသိမ်းထားတာ လာမယ့် မေ ၃၀ ရက်နေ့ဆိုရင် ထိန်းသိမ်းခံရတာ ၆ နှစ် တင်းတင်းပြည့်မှာဖြစ်ပါတယ်။

# သတင်းပြက္ခဒိန်

**2009**

| | | | | | | |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

**ဖေဖော်ဝါရီ ၂၅ ၊ IrishTimes ။ ။** ထိုင်းနယ်စပ်ရှိမြန်မာဒုက္ခသည်များ မပြန်မီ မြန်မာစစ်အုပ်ချုပ်ရေးစနစ်ပျက်သုဉ်းရန်လို၏ဟု Susan McKay ဝေဖန်ချက်မှဆို၏။

**မတ် ၅ ၊ DVB ။ ။** ပခုက္ကူတွင် ဦးဇော်ကက်အမြေးရောင်ရောဂါကြောင့် သေဆုံးသူများ၍ ဒေသခံများ ထိတ်လန့်နေ၏။

**မတ် ၅ ၊ DVB ။ ။** အဲန်အဲလ်ဒီရုံးချုပ်ကို တယ်လီဖုန်းလိုင်းဖြတ်ထားခြင်း ၂ နှစ် ကျော်ပြီဟု ပါတီပြန်ကြားရေးအဖွဲ့မှဆို၏။

**မတ် ၅ ၊ NEJ ။ ။** နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ကြီး အထက်ဌာပနာ ပိတ်ပွဲနှင့် စိန်ဖူးတော်တင်ပွဲအတွက်ပြင်ဆင်နေစဉ် ချားရဟတ်ယဉ်တစီးပျက်ကျခဲ့ကြောင်း။ ဉပ္ပါတသန္တိစေတီရှေ့ကွင်းပြင်ရှိ ပျော်ပွဲရွှင်ပွဲများကျင်းပတဲ့နေရာမှ ချားရဟတ်ကြီးပြုတ်ကျတဲ့အတွက် လူ ၂၀ ကျော် သေဆုံးကြောင်း မျက်မြင်သက်သေများမှဆို၏။

**မတ် ၆ ၊ DVB ။ ။** တရားရုံး မထိမ်မြင်ပြုမှုဖြင့် စွဲချက်တင်ခံရပြီး ထောင်ဒဏ်ချမှတ်ခံရသူ ရှေ့နေကြီးဦးအောင်သိန်း ပြန်လည်လွတ်မြောက်လာ၏။

**မတ် ၆ ၊ NEJ ။ ။** ပြည်တွင်း ပုဂ္ဂလိကဘဏ်လက်မြေစက်ရုံ ၈ ရုံကို ၂၀၁၀ အမီ အပြီးတည်ရန် ဗိုလ်ချုပ်သန်းရွှေမှညွှန်ကြားထား၍ စက်မှု ၁ မှ အပူတပြင်း လုပ်နေကြောင်း။

**မတ် ၇ ၊ DVB ။ ။** နေပြည်တော်တွင် ဗိုလ်ချုပ်သန်းရွှေမှကြီးမှူး၍ ဉပ္ပါတသန္တိစေတီဌာပနာနှင့် စိန်ဖူးတင်ပွဲကို သံဃာ ၅၈၃ ပါးပင့်၍ မတ် ၇–၈ တွင် ကျင်းပခဲ့၏။

**မတ် ၈ ၊ Mizzima ။ ။** ဦးစိန်လှိုင်နှင့် ဦးရွှေဂျိုး၊ စမ်းချောင်းနှင့် လှိုင်အဲန်အဲဒီတို့သည် မတ် ၆ နှင့် ၇ တို့တွင် အကြောင်းမသိ အဖမ်းခံခဲ့ရကြောင်း။

**မတ် ၈ ၊ XNA ။ ။** မြန်မာသည် တောင်ကိုရီးယားသို့ အစိုးရဝန်ထမ်း စက်မှုနှင့်ဆက်သွယ်ရေးပညာသင်များ စေလွှတ်မည်ဖြစ်ကြောင်း။

**မတ် ၉ ၊ DVB ။ ။** ၂၀၀၈ တွင် မြန်ပြည်တွင်း အိမ်မြေရပ်ရွာစွန့်ပြေးရသူဒုက္ခသည် ၆၆၀၀၀ ခန့်ရှိသည်ဟု ထိုကိစ္စစောင့်ကြည့်အဖွဲ့ IDCMC ၏မတ် ၅ စာတမ်းမှဆို၏။

**မတ် ၉ ၊ GENEVA ။ ။** မြန်မာသည် မလွတ်လပ်ဆုံးနိုင်ငံတနိုင်ငံဖြစ်ကြောင်း အမေရိကန်အခြေစိုက် Freedom House မှဆို၏။

**မတ် ၁၀ ၊ AFP ။ ။** ကုလဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး UNHCR Antonio Guterres သည် မြန်မာမြေသို့ရောက်ရှိပြီး ရခိုင်ပြည်နယ်သို့သွားခဲ့၏။

**မတ် ၁၀ ၊ Bloomberg ။ ။** တရုတ်ပြည်သည် မြန်မာမှ သဘာဝဓါတ်ငွေ့ကို ၂၀၁၃ မှ စ၍ စတင်သုံးစွဲဖွယ်ရှိကြောင်း။

**မတ် ၁၀ ၊ XNA ။ ။** တရုတ်ဘုန်းကြီး Yi Cheng အား မြန်မာမှ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကရေတွဲကို အပ်နှင်းလိုက်ကြောင်း။

**မတ် ၁၀ ၊ XNA ။ ။** နော်ဝေမှ အင်ဂျီအိုသည် လပွတ္တာတွင် အိမ်နှင့်ကျောင်းစုစုပေါင်း ၆၀၀၀ ဆောက်လှူမည်။ ဂျပန်သည် IOM မှတဆင့်ဒေါ်လာ ၃ သန်းလှူမည်။

**မတ် ၁၀ ၊ Irrawaddy ။ ။** ဗိုလ်ချုပ်သန်းရွှေတည်သည့် ဉပ္ပါတသန္တိစေတီတော် အမည်နာမ၏အနက် သည် ၁၆ ရာစုတွင် စာဆိုရဟန်းတပါး၏ ကပ်ရှောင်ရန် ရွတ္တရ မှဖြစ်ကြောင်း စက်ာပူတက္ကသိုလ်သုတေသနဌာနအတွက် Road to Naypyidaw စာတမ်းဖြင့် သုတေသီအောင်မျိုး မှသုံးသပ်၏။

**မတ် ၁၀ ၊ Irrawaddy ။ ။** မော်လမြိုင်အထကကျောင်းသား ၅၀ ခန့်သည် လျှပ်စစ်မီးမလာမှုကို ဆိုင်ကယ်စီးဆန္ဒပြရာ ဆန္ဒပြပွဲသည် တွံ့တေးအထိကူးခဲ့ကြောင်း။

**မတ် ၁၀ ၊ RFA ။ ။** QBE အာမခံလုပ်ငန်းသည် မြန်မာမှထွက်ခွာသွားခဲ့ကြောင်း။

**မတ် ၁၁ ၊ Irish Times ။ ။** မတရားသည့် ၂၀၁၀ မြန်မာရွေးကောက်ပွဲသည် တရားသယောင်ရေးခြင်းမဖြစ်ကြရန်နှင့် ယင်းသို့ရွေးကောက်ပွဲကို ထောက်ခံခြင်း၊ မသိဟန် ဆောင်ပြီးကာမျှ ဝမ်းနည်းကြောင်းပြောခြင်းမျိုးမလုပ်သင့်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသား ၂၂၀၀ ကျော်အား စော်ကားရာရောက်ကြောင်း Burma Action Ireland မှ ဥက္ကဌ Gearoid Kilgallen မှ သတင်းစာသို့ရေးသား၏။

**မတ် ၁၁ ၊ Globe, La combe ။ ။** ABW သည် Dr.Ray Comeau နှင့် သူ၏ဇနီး Deryl (MMC) တို့နှင့်တွဲ၍ အိန္ဒိယနယ်စပ် မြန်မာဒုက္ခသည်များ၏ကျန်းမာရေး စောင့်ရှောက်မည်။

**မတ် ၁၂ ၊ Mizzima ။ ။** နအဖဗိုလ်ချုပ်သိန်းစိန်နှင့်အဖွဲ့ သည် အင်ဒိုနီးရှားနှင့် စက်ာပူသို့ မတ် ၁၅ တွင် သွားရောက်မည်။

**မတ် ၁၂ ၊ UNHCR ။ ။** ကုလသမဂ္ဂ UNHCR သည် မြန်မာရှိ ရုံးလုပ်ငန်းများကို တိုးချဲ့မည်ဖြစ်ကြောင်း။

**မတ် ၁၂ ၊ Mizzima ။ ။** ဗိုမာလီပင်လယ်ဓါးပြများမှ ၃၇ ရက်ဖမ်းထားပြီးပြန်လွှတ်လာသည့် မြန်မာသင်္ဘောသား ၁၂ ဦးအား ဗြိတိန်အာမခံကုမ္ပဏီမှ ရသင့်လျော်ကြေးများ ရန်ကုန်သင်္ဘောသားရုံးတွင် ပေးအပ်ကြောင်း။

**မတ် ၁၂ ၊ Mizzima ။ ။** မိမိမလေးရှားတွင်နေထိုင်စဉ် အင်တာနက်ဝက်ဘ်ဆိုက်မှအလှူခံရသောအကူငွေပေးစွဲ့ မှန်တိုင်းဒုက္ခသည်များအားဖြန့်ဝေ၍ ၂၀၀၈ ဂျူလိုင်တွင် အဖမ်းခံရသူ ကိုမင်းသိန်းထွန်းခေါ် သီဟအား မတ် ၁၁ တွင် မိမိဖက်မှရှေ့နေမပါ အမှုစစ်ပြီး ထောင် ၁၇ နှစ်ချခဲ့၏။

**မတ် ၁၂ ၊ RFA ။ ။** မတ် ၁၁–၁၉ ချက်နိုင်ငံ ပရာဟာမြို့လူ့ပ်ရှားမှုရုပ်ရှင်ပွဲတွင် ၂၀၀၇ သံဃာ့အရေးအခင်း Burma V ရုပ်ရှင်ကို ပြသနေရာ လူများစိတ်ဝင်စား၏။

**မတ် ၁၂ ၊ AsiaTimes OnLine ။ ။** ၁၉၈၈ တွင် Major General ထက်မြင့်သော ဗိုလ်ချုပ် ၂ ယောက်သာရှိခဲ့ရာ ယနေ့ ၂၄ ဦးထိ ဗိုလ်ချုပ်သန်းရွှေမှ မြှင့်ထားပေးခါ စစ်တပ်အား ထိန်းသိမ်းထားကြောင်း။ တပ်သားဦးရည် ၂၅၀ ရာနှုန်းတက်ခဲ့သော်လည်း ဗိုလ်ချုပ်ဦးရည် ၁၂၀၀ ရာနှုန်းတက်ခဲ့ခြင်းဖြစ်၏။

**မတ် ၁၂ ၊ XNA ။ ။** ဂျပန် အာဆီယံပူးပေါင်းမှုအဖြစ် ဂျပန်သည် ရန်ကုန်မြို့တွင်း ဆက်သွယ်ပို့ဆောင်ရေးကို အဆင့်မြှင့်တိုးချဲ့ပေးမည်။

**မတ် ၁၃ ၊ Irrawaddy ။ ။** အရှင်ဂမ္ဘီရ၏ မိသားစု ၆ ဦးအား ဒဂုန်မြို့သစ်တရားရုံးမှ ယနေ့ ထောင် ၅ နှစ်စီ စီရင်ချက်ချမှတ်လိုက်ကြောင်း။

**မတ် ၁၃ ၊ RFA ။ ။** မတ်လ ၁၃ ရက်နေ့ မြန်မာလူ့အခွင့်အရေးနေ့ကို ထိုင်း၊ ဂျပန် အိန္ဒိယတို့တွင်လည်း ကျင်းပကြောင်း။

**မတ် ၁၃ ၊ Bloomberg ။ ။** နအဖနှင့်စီးပွားဖက်လုပ်သည့် တရုတ် Dongfeng တွင် မမြုပ်နှံရန် နော်ဝေသည် Siemens AG အားတားမြစ်၏။

**မတ် ၁၃ ၊ RFA ။ ။** FBC- ဖိုလစ်ပိုင်အပါအဝင် ကမ္ဘာအနှံ့တွင် နအဖအား နိုင်ငံရေးအကျဉ်းသားအားလုံးကိုလွှတ်ရန် လက်မှတ်ထိုး လှုပ်ရှားမှုစတင်၏။

**မတ် ၁၃ ၊ Irrawaddy ။ ။** ၂၀၀၇တွင် မြန်မာတွင် နိုင်ငံရေးအကျဉ်းသား ၁၁၀၀ခန့်ရှိပြီး၊ ယခု ၂၁၀၀ ခန့်ရှိကြောင်း AAPP, FDB တို့မှဦးစီးသည့် Free Burma's Political Prisoners ကမ္ဘာအနှံ့လှုပ်ရှားမှုတွင် ချင်းမိုင်ဆန္ဒပြပွဲ၌ ခင်ဉမ္မာမှဆို၏။

စာမျက်နှာ ၉ သို့

# နယ်စပ်ကုန်သွယ်ရေး၊ ကုန်စျေးနှုန်းနှင့် ငွေလဲနှုန်း – စျေးကွက်အားလုံးအေး

**DVB ၊ မတ်လ ၁၃ ။** ။ လက်ဖက်လုပ်ငန်း ၄၃ ခုက ထုတ်လုပ်တဲ့ လက်ဘက်တွေမှာ ကျန်းမာရေးထိခိုက်စေတဲ့ ချည်ဆိုးဆေးတွေသုံးထားလို့ မစားသင့်ဘူး လို့ ကျန်းမာရေးဝန်ကြီးဌာနက မနေ့ကကြေညာလိုက်ပေမယ့် ရန်ကုန်မှာ ပုံမှန် ရောင်းဝယ်နေကြတုန်းပဲလို့ ရန်ကုန်မြို့က စျေးသည်တဦးက ပြောပါတယ်။

အခြေခံစားကုန် ဆန် – ပေါ်ဆန်းမွှေးဆန်(ရှယ်) တပြည် ကျပ် ၁,၁၀၀၊ ဧည့်မထ ၆၀၀။ ဆီ – ပဲဆီတပိဿာ ကျပ် ၂,၉၀၀၊ အရောဆီ ၂,၆၀၀၊ စားအုန်းဆီ ၁,၈၀၀။ ကြက်သွန် – အနီ တပိဿာ ကျပ် ၆၀၀၊ အဖြူ ၈၀၀၊ အာလူး ၉၀၀၊ ကုလားပဲ ၉၅၀။ ဆား – အိုင်အိုဒင်းဆားတထုပ် ၂၅၀။ သားငါးတွေထက် ဟင်းသီးဟင်းရွက်နဲ့ ငါးပိ၊ ငါးခြောက်တွေ အရောင်းသွက်နေတယ်လို့ ရန်ကုန်မြို့က စျေးသည်တဦးကပြောပါတယ်။ သင်္ကြန်နီးလာလို့ စူပါမားကက်တွေမှာ လူသုံးကုန်ပစ္စည်းနဲ့ အဝတ်အထည်တွေကို အထူးလျှော့စျေးနဲ့ ရောင်းနေကြပေ မယ့် ပြည်သူအများစုမဝယ်ယူနိုင်ကြဘူးလို့ စျေးသည်တွေက ပြောပါတယ်။

လောင်စာဆီ အပြင်ပေါက်စျေးမှာ ဓာတ်ဆီတဂါလံ ကျပ် ၃,၀၀၀၊ ဒီဇယ် ၁,၉၀၀။ ဆယ်တန်းစာမေးပွဲ ဖြေချိန်လည်းဖြစ်၊ လျှပ်စစ်မီးကလည်း အပြတ်များတာမို့ ဒီဇယ်စျေးနည်းနည်းတက်လာသလို အဝယ်သွက်နေတယ်လို့ ဓာတ်ဆီဆိုင်တခုက ပြောပါတယ်။ အရင်တပတ်က ဒီဇယ်တဂါလံ ၁,၇၀၀ ပါ။ လိုင်စင်မဲ့ကားလေလံတွေရှိနေတာကြောင့် ကားစျေးထိုးကျနေပါတယ်။

ငွေလဲနှုန်း အမေရိကန် တဒေါ်လာ – ၁,၀၁၀ ကျပ်၊ တရုတ် တယွမ် – ၁၄၉ ကျပ်၊ ထိုင်း တဘတ် – ၂၇ ကျပ် ပြား ၂၀၊ အိန္ဒိယ တရူပီး – ၁၉ ကျပ် ပြား ၉၀၊ ဘင်္ဂလားဒေ့ရှ် တတာကာ – ၁၄ ကျပ်၊ အက်ဖ်အီးစီ တယူနစ် – ၉၈၀ ကျပ်။ ရွှေအခေါက်တကျပ်သား ကျပ် ၄၉၆,၀၀၀၊ ၁၅ ပဲရည် ၄၇၀,၀၀၀။

နယ်စပ်ကုန်သွယ်ရေး ထိုင်း–မြန်မာနယ်စပ်(မြဝတီ–မဲဆောက်)– မြန်မာငွေစျေးမြင့်တဲ့အပြင် ပြီးခဲ့တဲ့အပတ်က ထိုင်းလိုင်းကားသမားတွေရဲ့ ဆန္ဒပြမှုတွေကြောင့် ကုန်သွယ်မှုမရှိသလောက် ဖြစ်နေပါတယ်။ ထိုင်းက မြန်မာဘက်ကို တင်ပို့တဲ့ကုန်ပစ္စည်းတွေကို မြန်မာအာဏာပိုင်တွေက ဖမ်းဆီးနေတယ်လို့ နယ်စပ်ကုန်သည်တဦးက ပြောပါတယ်။ "ဂိတ်ပေါက်များစွာရှိတာတွေက ဖမ်းတယ်ပေါ့နော်၊ သူတို့ဖမ်းပြီးလို့ရှိရင် သူတို့သိမ်းလိုက်တာပေါ့၊ ပြန်ပို့ တယ်ဆိုတာမရှိပါဘူး၊ ထုံးစံ။"

တရုတ်–မြန်မာနယ်စပ်(ရွှေလီ–ကြယ်ဂေါင်)–မြန်မာဘက်က ဖရဲ၊ သခွားမွှေး၊ ပဲ၊ ပြောင်း၊ နှမ်း စတဲ့ သီးနှံတွေကို တရုတ်ဘက်တင်ပို့နေပြီး တရုတ်ဘက်က ဓာတ်မြေဩဇာ၊ ဖယောင်းနဲ့ ဆောက်လုပ်ရေးပစ္စည်းတချို့ မြန်မာဘက်ကိုပို့နေကြတာကလွဲလို့ အရောင်းအဝယ်တွေ အေးနေပါတယ်။ ဘင်္ဂလာဒေ့ရှ်–မြန်မာနယ်စပ် အရောင်းအဝယ်ပါးနေပြီး မြန်မာဘက်က တင်ပို့နေကျ ပုဇွန်၊ ငါး စတဲ့ ရေထွက်ကုန်တွေတောင် မတင်ပို့တော့သလောက် ဖြစ်နေပါတယ်။ အိန္ဒိယ မြန်မာနယ်စပ် (မိုရေး–တမူး)–မြန်မာငွေ စျေးတက်နေပြီး ကုန်သွယ်မှု အေးနေပါမယ်။ နယ်စပ် နန်းဖာလုံးစျေးကလည်း ခြောက်ခြောက်သွေ့သွေ့ ဖြစ်နေပါတယ်။

## ဆယ်တန်းစာမေးပွဲရက် စစ်ကားတွေကင်းလှည့်

**NEJ ၊ မတ်လ ၁၃ ။** ။ ရန်ကုန်မှာဆယ်တန်းစာမေးပွဲရက်အတွင်း မီးမလာသော်လည်း သံချပ်ကာအပြည့်နှင့်ရဲအပြည့်တင်ထားသောစစ်ကားကြီးများ ရန်ကုန်မြို့တွင်လှည့်နေကြောင်း မျက်မြင်သက်သေများကပြောပါသည်။

"ဒီမနက်ကဘဲ အနော်ရထာလမ်းမှာ ရဲတွေအပြည့် လက်နက်အပြည့်နဲ့ လည်မှာအနီတွေစည်းပြီးတော့ ကားကြီး ၇ စီးလောက်လှည့်နေတာတွေ့ တယ်။" ဟု မတ်လ ၁၃ ရက်နေ့မနက်မြင်ကွင်းကို ရန်ကုန်နေသူတဦးက ပြောပါ သည်။ နဂိုပေးနေကျမြို့ပေါ်တွင် A,B,C,H နှင့် မြို့ပြင် က,ခ, H ဟူ၍ အပိုင်းလိုက်မီးပေးမှုစနစ်ကို ဆယ်တန်းစာမေးပွဲရှိနေသော်လည်း မီးပေးချိန်တိုးမြှင့်ပေးမည့် အစီအစဉ်လုံးဝမရှိကြောင်း ရန်ကုန်လျှပ်စစ်ပေးဝေရေးအဖွဲ့က အမည်မဖော်လိုသူတဦးကပြောပါ သည်။

"ကျမတို့အင်းဝလမ်းမှာ ဒီနေ့ည ၁၁ နာရီမှာမီးလာမယ်၊ ပြီးရင်မနက် ၅ နာရီမှာပျက်မယ်၊ ဒါကပုံမှန်လာနေကျ၊ ဒါပေမယ့် လာချိန်မှာ မီးမပျက်မှာကိုတော့ အာမခံလို့မရဘူး။ အချိန်သတ်မှတ်ထားပေမယ့် လာရင်းနဲ့ပျက်သွားတာမျိုးကဖြစ်နေကျပြဿနာဖြစ်နေပြီ။"ဟု တောင်ဥက္ကလာသူတဦးက မတ်လ ၁၂ ရက်နေ့ညနေက ပြောပါသည်။

"ကလေးတွေစာမေးပွဲရှိတဲ့အတွက် လင်းအားကောင်းပေမယ့် ဖယောင်းတိုင်ကြီးတထုပ်ကို ကျပ် ၆၅၀ နဲ့ဝယ်ထားတယ်၊ စာကျက်နေရင်းအိပ်ပိုက် သွားမှာဆိုလို့ထိုင်စောင့်ပေးရတာပေါ့၊ မီးဘေးအန္တရာယ်ဖြစ်မှာဆိုးလို့"ဟု သင်္ဃန်းကျွန်းမြို့နယ်အတွင်းကျောင်းသားမိဘတဦးကဆိုပါသည်။ ပုဇွန်တောင်မြို့နယ် အတွင်းနေထိုင်သည့် တက္ကစီယာဉ်မောင်းတဦးက "ခုနကတော့မီးလာတာတွေ့ တယ်၊ ပြောလို့မရဘူးဗျ။ ပျက်ချင်ပျက်နေတာ။"ဟုဆိုပါသည်။

ရန်ကုန်တွင် လက်ရှိတက္ကသိုလ်ဝင်တန်းဖြေနေသောကျောင်းသား ကျောင်းသူများအတွက် မီးပေးချိန်ပိုမရခြင်း၊ ပေးသည့်အချိန်အတိုင်း မီးမမှန်ခြင်းမှာ မတ်လ ၆ ရက်နေ့ညက မော်လမြိုင်တွင် EPC ရုံးအားပိုင်း၍ခဲများဖြင့်ပိုင်း ပေါက်သည့် ပြဿနာကိုဂရုတစိုက်မရှိသည့်ပြသခြင်းဖြစ်သည်ဟု ပြည်တွင်း အခြေစိုက် သတင်းအယ်ဒီတာတဦးက သုံးသပ်ပါသည်။

## ဦးဂမ္ဘီရ၏မိသားစုဝင်များကို ထောင်ချ

**DVB ၊ မတ်လ ၁၂ ။** ။ စစ်အစိုးရက အကျဉ်းချထားတဲ့ သံဃာ့တပ်ပေါင်း စုခေါင်းဆောင် အရှင်ဂမ္ဘီရရဲ့ယောက်ဖတော်နဲ့ ညီတော်အပါအဝင် ၆ ဦးကို အာဏာပိုင်တွေက အလုပ်အကြမ်းနဲ့ ထောင်ဒဏ် ၅ နှစ်စီ ချမှတ်ပါတယ်။

အရှင်ဂမ္ဘီရရဲ့ယောက်ဖတော် ကိုမိုးထက်လျှံနဲ့ ညီတော် ကိုအောင် ကိုကိုလွင် အပါအဝင် ကိုကျော်မိုးဆက်၊ ကိုလှမျိုး၊ ကိုစိုးလွင်နဲ့ ကိုရဲညွန့်တို့ကို အာဏာပိုင်တွေက လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၃–၁ နဲ့ တရားစွဲပြီး ရန်ကုန်တိုင်း ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် တရားရုံးက ဒီနေ့ အမိန့်ချမှတ်တာပါ။ ကိုမိုးထက်လျှံကို အာဏာပိုင်တွေက ဖမ်းဆီးပြီး ၆ လနဲ့ ၁ ရက်ပြည့်တဲ့နေ့မှာ စီရင်ချက်ချလိုက်တာလို့ ကိုမိုးထက်လျှံရဲ့ဇနီး မခင်သူဌေးက ပြောပါတယ်။

"ဒီနေ့ဆိုလို့ရှိရင် ငိုကြတယ်၊ အကုန်လုံးပဲ၊ မိသားစုဝင်တွေလေ၊ အစ်မ တော့ မငိုခဲ့ပါဘူး။ ငိုတာနဲ့လည်း သူတို့လွတ်လာမှာမှ မဟုတ်တာ။ ရှေ့ဆက်ပြီး ဘယ်လို အကောင်းဆုံးဖြစ်အောင်လုပ်ရမတုန်း အဲဒါပဲ စဉ်းစားတယ်။"

ကိုမိုးထက်လျှံဟာ စက်တင်ဘာ ၉ ရက် မြန်မာနိုင်ငံသံဃာ့တပ်ပေါင်းစု ဖွဲ့စည်းတည်ထောင်ခြင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မိုးပျံပူဖောင်း လွှတ်ဖို့စီစဉ်တယ်လို့ အာဏာပိုင်တွေက စွပ်စွဲပြီး စတင်ဖမ်းဆီးတာပါ။ သက် သေအထောက်အထား မပြနိုင်တဲ့နောက်ပိုင်း လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေနဲ့ တရားစွဲလိုက်တာပဲလို့ မခင်သူဌေးက ပြောပါတယ်။

"တရားဥပဒေဆိုတာက သူတို့ပါးစပ်ထဲမှာပဲ ရှိတာပဲလေ။ မြန်မာနိုင်ငံ တရားဥပဒေဆိုတာက ဘာမှကျမတို့မှာ ပြောပိုင်ခွင့်မရှိပါဘူး၊ အခုလက်ရှိ အုပ်ချုပ်နေတဲ့သူတွေရဲ့ ပါးစပ်ထဲက ဥပဒေပေါ့။ သူတို့လုပ်သလို ကျမတို့မှာ ခံရမှာပဲပေါ့။ ဒါပေမယ့် မှတ်တမ်းတခုအနေနဲ့ကျန်ခဲ့ရင်ပဲ ကျေနပ်ပါပြီ။ ဒါ ဦးဇင်း ရဲ့မိသားစုဝင်တွေဖြစ်နေလို့ ဒီလိုမျိုးလုပ်တာလို့ ထင်ပါတယ်။"

# ဗိုလ်ချုပ်မြသား အငယ်ဆုံး ဗိုလ်ချုပ်ထိန်မောင်တို့နှင့် သွားရောက်ပူးပေါင်း

**DVB ၊ မတ်လ ၁၀ ။** ။ကွယ်လွန်သွားပြီဖြစ်တဲ့ ကေအန်ယူခေါင်းဆောင်ဟောင်းဗိုလ်ချုပ်မြရဲ့သား ဗိုလ်ကြီး စောနေစိုးမြ (မောင်တေးလေး) ဟာ ကေအန်ယူကနေ ခွဲထွက်သွားတဲ့ ဗိုလ်ချုပ်ထိန်မောင်အဖွဲ့နဲ့ သွားရောက်ပူးပေါင်းတယ်လို့ ကေအန်ယူ တွဲဘက်အထွေထွေအတွင်းရေးမှူး ၁ ပဒိုစောလှငွေက ပြောပါတယ်။

စောနေစိုးမြ ပြီးခဲ့တဲ့တခေါက် ရန်ကုန်ကို သွားပြီးတဲ့နောက်မှာ သူ့ကို ကေအန်ယူကနေ ထုတ်ပယ်လိုက်ပြီး ပြီးခဲ့တဲ့လ ၁၅ ရက်နေ့က ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာကင်တားနားက ထိုင်ကော့ကူးမှာ ရှိတဲ့ ဗိုလ်ချုပ်ထိန်မောင်တို့ဆီ သွားတွေ့ချိန်မှာလည်း စောနေစိုးမြပါသွားတယ်လို့ ကေအင်ယူပြောခွင့်ရသူလည်းဖြစ်တဲ့ ပဒိုစောလှငွေက ပြောပါတယ်။

"နောက် ၁၈ ရက်နေ့မှာ ဗိုလ်ထိန်မောင်တို့နဲ့အတူတူပဲ ဗိုလ်ချုပ်မြသား ငယ်က နေပြည်တော်မှာ ဗိုလ်ချုပ်ရဲမြင့်နဲ့သွားတွေ့တယ်လို့ ကျနော်တို့သတင်း ရရှိတယ်။ အဲ့ဒီမှာသွားပြီဆိုတော့ သူတို့နဲ့ ပူးပေါင်းတယ်လို့ပြောနိုင်တာပေါ့။"

ဗိုလ်ကြီးစောနေမြတယောက်တည်း ဝင်ရောက်ပူးပေါင်းတာလို့ ပဒိုစောလှငွေက ပြောပါတယ်။ ဗိုလ်ချုပ်ကြီးစောဘိုမြနဲ့ ဆရာမ နော်လားဖိုးတို့ ဇနီးမောင်နှံမှာ သား ၄ ဦး၊ သမီး ၃ ဦးရှိတဲ့အနက် စောနေစိုးမြဟာ ခြောက်ဦးမြောက်ပါ။ နော်လားဖိုးဟာ ကရင်အမျိုးသမီးအစည်းအရုံး (ကေဒဗလျူအို) ရဲ့ ဥက္ကဋ္ဌပါ။ ဗိုလ်ကြီးစောနေစိုးမြကို ပြီးခဲ့တဲ့ လကုန်ပိုင်းကတည်းက တပ်ကနေ ထုတ်ထားပြီးသားဖြစ်တယ်လို့လည်း ပဒိုစောလှငွေက ပြောပါတယ်။

"နဂိုကတည်းက ခွင့်ပြုတာမဟုတ်ဘူး သူ့ဟာသူသွားတယ်။ ပြန်လာတဲ့ အခါကျတော့ ဘာသွားလုပ်လဲမေးတော့ သူ့ဦးလေးနဲ့ သွားတွေ့ရင်းနဲ့ ခေါ်လို့ ရန်ကုန်လိုက်သွားပြီး သူလျှောက်လည်ကြည့်တယ်ပေါ့။" "အဲ့ဒီတုန်းက သူနေပြည်တော်ရောက်တယ်လို့သတင်းထွက်လို့ မေးကြည့်တော့ ရန်ကုန်ပဲရောက်တယ်လို့ပြောတယ်။ အဲ့ဒီနောက်ပိုင်းမှာ ဒီလုပ်ငန်းတွေ မင်းထပ်မလုပ်တော့နဲ့၊ မင်းလုပ်ရပ်တွေအပေါ်မှာ ဆက်လက်စိစစ်ပြီး အရေးယူဆောင်ရွက်မှုရှိတယ်ဆိုပြီး နောက်ပိုင်းမှာ သူပျောက်သွားတယ်။ "ကျနော်တို့က သူ ဘန်ကောက်ကို သွားတယ်လို့အောက်မေ့တာ။ နောက်မှ ကင်တားနားတို့ သွားတဲ့အထဲမှာ သူပါသွားတာသိရတယ်။ ပြီးခဲ့တဲ့လ ၁၈ ရက်ကလည်း နေပြည်တော်သွားတယ်၊ နောက်တော့ ပြီးခဲ့တဲ့လကုန်ပိုင်းမှာ သူ့ကို ကျနော်တို့ထုတ်လိုက်တယ်။"

တဖက်အင်အားစုတွေနဲ့ ဗိုလ်ကြီးစောနေစိုးမြ ပူးပေါင်းသွားတဲ့ကိစ္စနဲ့ ပတ်သက်လို့ ကေအန်ယူသဘောထားကို ပဒိုစောလှငွေက ပြောပါတယ်။

"ကျနော်တို့သဘောထားထုတ်ပြန်ချက်က တော်လှန်ရေးဆိုတာ ယုံကြည်မှုနဲ့ လုပ်လာကြတာပဲ။ သူ့အဖေကတော့ သက်ဆုံးတိုင် ခေါင်းမြေချတဲ့ အထိ နိုင်ငံရေးလမ်းစဉ်နဲ့ လုပ်သွားတာပဲ။ "သူ့သားသမီးနဲ့ အမေကိုယ်၌က ဗဟိုကော်မတီဝင်ဖြစ်တော့ သူ့အဖေ လိုပဲ တော်လှန်ရေးကို ဂုဏ်သိက္ခာရှိရှိနဲ့ ဆုံးခန်းတိုင်အောင် အောင်ပွဲခံတဲ့အထိလုပ်ဖို့ တောက်လျှောက်တိုက်တွန်း နှိုးဆော်တယ်။ ခေါင်းဆောင်တွေလည်း သူ့ဦးလေးလိုမလုပ်ဖို့ ရှေ့ဆောင်ပြတာပဲ။ ဒါပေမယ့် တော်လှန်ရေးမဆန်ဘဲ ကိုယ်ကျိုးစီးပွားအတွက်ပဲဖြစ်ဖြစ်၊ ပုဂ္ဂိုလ်ရေးစဉ်းစားမှုနဲ့ပဲဖြစ်ဖြစ် သူလုပ်သွားတဲ့အပိုင်းက သူ့မိသားစုတောင်တားလို့မရဘူး၊ ကျနော်တို့ကတော့ အဖွဲ့အစည်းဆိုတော့ စုံစမ်းစစ်ဆေးတယ်။ ဆုံးမသွန်သင်တယ်။ မရဘူးဆိုရင်တော့ အပြစ်ပေးအရေးယူရပါမယ်။"

---

# ကေအဲန်ယူမှ ထုတ်ပယ်ထားသည့် ဗိုလ်ကြီး ၃ ဦး ခွဲထွက်အဖွဲ့နှင့်ပူးပေါင်း

**NEJ ၊ မတ်လ ၁၂ ။** ။ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်မှ ဗိုလ်ကြီးအဆင့်ရှိတပ်ဖွဲ့ဝင် ၃ ဦးသည် ယခုလဆန်းပိုင်းက ကရင်ခွဲထွက်အဖွဲ့တဖွဲ့ဖြစ်သည့် ဗိုလ်ငွေးမောင်၏ ကေအဲန်ယူ/ကေအဲန်အယ်လ်အေ ငြိမ်းချမ်းရေးကောင်စီအဖွဲ့နှင့် သွားရောက်ပူးပေါင်းလိုက်သည်။

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်မှ ဗိုလ်ကြီးစောနေစိုးမြ၊ ဗိုလ်ကြီးမဟာဆွေနှင့် ဗိုလ်ကြီးသဲခီးတို့သည် ငြိမ်းချမ်းရေးကောင်စီအဖွဲ့နှင့်သွားရောက်ပူးပေါင်းသည်မှာ မှန်ကန်ကြောင်း ကေအဲန်အယ်လ်အေကာကွယ်ရေးဌာနမှ ဗိုလ်မှူးရှီးလေက ခေတ်ပြိုင်သို့အတည်ပြုပြောကြားပါသည်။ ဗိုလ်ချုပ်ကြီးဟောင်းစောဘိုမြ၏သားငယ်ဖြစ်သူ ဗိုလ်ကြီးစောနေစိုးမြသည် ယခင်နှစ် ဒီဇင်ဘာ ၁၂ ရက်နေ့ က အဖွဲ့၏ခွင့်ပြုချက်မပါဘဲ ကော့ကရိတ်မြို့နယ် ထော့ကိုကိုးရွာတွင်အခြေစိုက်သည့် ကေအဲန်ယူ/ကေအဲန်အယ်လ်အေ ငြိမ်းချမ်းရေးကောင်စီအဖွဲ့နှင့် သွားရောက်တွေ့ဆုံခဲ့သည့်အတွက် ကေအဲန်ယူဗဟိုမှခေါ်ယူ၍ သတိပေးတားမြစ်မှုများပြုလုပ်ခဲ့ရသည်။

စောနေစိုးမြသည် ယခင်လက ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်မှနုတ်ထွက်ခွင့်တောင်းခံခဲ့ရာ ကေအဲန်အဲလ်အေစစ်ရုံးချုပ်မှ ၎င်းအား နုတ်ထွက်ခွင့်ပြုခဲ့သည့်နောက်ပိုင်း ထော့ကိုကိုးသို့သွားရောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ ၃ ဦးနှင့်အတူ ကရင်အမျိုးသားအစည်းအရုံးကို အစဉ်တစိုက်အားပေးဖောက်ခံခဲ့ပြီး ကရင်ခွဲထွက်အဖွဲ့များကို ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့သည့် ကေအဲန်ယူနယ်မြေအခြေစိုက် အင်းရှည်ဆရာတော်ဦးဝိဇယသည်လည်း ၎င်းတို့နှင့်အတူ လိုက်ပါသွားခဲ့သည်။

ထော့ကိုကိုးသို့လိုက်ပါသွားသူ ၄ ဦးထဲတွင် စောနေစိုးမြ၊ စောမဟာဆွေ၊ စောသဲခီးတို့ ၃ ဦးမှာ ကေအဲန်ယူ/ကေအဲန်အဲလ်အေ ငြိမ်းချမ်းရေးကောင်စီအဖွဲ့၏ တရားဝင်အဖွဲ့ဝင်များဖြစ်သွားပြီဟု ဗိုလ်မှူးရှီးလေ က အတည်ပြုပြောပါသည်။ သို့သော်ဘုန်းတော်ကြီးဦးဝိဇယကမူ "ဘုန်းကြီးဆိုတာက ဒဘာဒကာမ တွေပင့်ဖိတ်လို့ရှိရင် ဘယ်အရပ် ဘယ်ဒေသမဆိုကြွရတယ်"ဟုပြောဆိုပါသည်။

စောသဲခီးအား ကေအဲန်အဲလ်အေမှထုတ်ပယ်ထားသည်မှာကြာပြီဖြစ်သော်လည်း စောနေစိုးမြကို ယခင်လကုန်ပိုင်း၌နုတ်ထွက်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ စောမဟာဆွေနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များမသိရှိရသေးသော်လည်း ဘုန်းတော်ကြီးဦးဝိဇယအပါအဝင် ၎င်းတို့ ၄ ဦးသည် ယခုရက်ပိုင်းအတွင်း မဲဆောက်မြို့သို့ပြန်လည်ရောက်ရှိလာပြီး မဲဆောက်နှင့် ထော့ကိုကိုးသို့ ပုံမှန်သွားလာလျက်ရှိသည်။

ကရင်အမျိုးသားအစည်းအရုံးသို့ ယခုကိစ္စနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းခဲ့ရာ အဖွဲ့၏တာဝန်ရှိသူတဦးက အဆိုပါလူများသည် မိမိတို့အဖွဲ့နှင့် လုံးဝပတ်သက်ခြင်းမရှိတော့သဖြင့် တစုံတရာပြောကြားရန်အကြောင်းမရှိဟု ခေတ်ပြိုင်သို့ ပြောကြားပါသည်။

---

**သတင်းပြတ္တိုက်မှ**

**မတ် ၁၃ ၊ WTN ။ ။** အိမ်တွင်းအကျဉ်းကျနေသော ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနှင့် ကမ္ဘာ၏အလင်းရောင်ဖြစ်ပြီး ကမ္ဘာ့အမျိုးသမီးများမှ အတုယူဖွယ်ဖြစ်ကြောင်း ကမ္ဘာ့အမျိုးသမီးနေ့အထိမ်းအမှတ်တွင် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး Hillary Clinton မှ ဆို၏။

**မတ် ၁၃ ၊ ND ။ ။** မြန်မာ၌လူ့အခွင့်အရေးဖေါက်မှုများကို ပြည်တွင်းရေးဟုဆို၍ ဥပက္ခာမပြုကြရန် ကမ္ဘာအား အိန္ဒိယရှိ ဂိုဏ်ချုပ်ခရိယာန်ဘုန်းကြီး A. Cyril မှဆို၏။

**မတ် ၁၄ ၊ RGN-AP ။ ။** ဗိုလ်ချုပ်သိန်းစိန်နှင့်အဖွဲ့ သည် မတ် ၁၅ တွင် အင်ဒိုနီးရှားသို့သွားပြီး မတ် ၁၈ တွင် စင်္ကာပူသို့ခရီးဆက်မည်ဟု မြန်မာ့အလင်းမှဆို၏။

# ကိုးကန့်လက်နက်ကိုင်အဖွဲ့ ထူထောင်ခြင်းအနှစ် ၂၀ ပြည့် အခမ်းအနားပွဲလုပ်

**DVB ၊ မတ်လ ၁၁ ။** ။ ရှမ်းပြည်မြောက်ပိုင်း တရုတ်–မြန်မာနယ်စပ်အနီးရှိ လောက်ကိုင်မြို့မှာ ကျင်းပတဲ့ မြန်မာအမျိုးသားမဟာမိတ် တပ်မတော် The Myanmar National Democratic Alliance Army ကိုးကန့်လက်နက်ကိုင်အဖွဲ့စတင်ထူထောင်ခြင်း နှစ် ၂၀ ပြည့် အခမ်းအနား ကျင်းပတယ်လို့သိရပါတယ်။

ဒီနေ့မနက် ၈ နာရီက လောက်ကိုင်မြို့မှာ ကျင်းပတဲ့ အဲဒီအခမ်းအနားဟာ ဗမာပြည်ကွန်မြူနစ်ပါတီကနေ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေခွဲထွက်ခြင်း (သို့မဟုတ်) ကိုးကန့်လက်နက်ကိုင်အဖွဲ့ စတင်ဖွဲ့စည်းခြင်း နှစ် ၂၀ ပြည့် အခမ်းအနားဖြစ်ပြီးတော့ ဥက္ကဋ္ဌ ဖုန်ကြားရှင် ကိုယ်တိုင်တက်ရောက်မိန့်ခွန်းပြောကြားခဲ့တယ်လို့ ဗကပအဖွဲ့ဝင်ဟောင်းတဦးလည်းဖြစ် စစ်ရေးအကဲခတ်လည်းဖြစ်တဲ့ ဦးအောင်ကျော်ဇောကပြောပါတယ်။ တရုတ်နယ်စပ်ရှိ ငြိမ်းအဖွဲ့ကိုယ်စားလှယ်တွေအားလုံးနဲ့ မန္တလေးက တရုတ်ကောင်စစ်ဝန်ပါ အဲဒီအခမ်းအနားကို တက်ခဲ့တဲ့အပြင် ဥက္ကဋ္ဌဖုန်ကြားရှင်ရဲ့ မိန့်ခွန်းထဲမှာ စစ်အုပ်စုကို စိမ်ခေါ်တဲ့ လေသံမျိုးပါဝင်နေတယ်လို့ ဦးအောင်ကျော်ဇောက ပြောပါတယ်။

"သူတို့ ဒီနေ့လုပ်ဆောင်နေတာက အဆင့်မြင့် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသကြီးကို ကျနော်တို့တည်ဆောက်နေပါတယ်တဲ့။ ဒီစကားတခွန်းပြောတယ်။ နောက်တခုက အမျိုးသားအားလုံးရဲ့ တန်းတူညီမျှ အကျိုးတူခံစားခွင့်ရှိတဲ့ နိုင်ငံတော်တည်ဆောက်ရမယ်ပေါ့။ ကျနော်တို့ အမျိုးသားချင်းရဲ့ ပြဿနာတွေကို စားပွဲပေါ်မှာပဲ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြေရှင်းတဲ့နည်းလမ်းနဲ့ ကျနော်တို့ဖြေရှင်း ရမယ်၊ ဖြေရှင်းသင့်တယ်ပေါ့။"

သူထောက်ပြခဲ့တဲ့ နှစ်ချက်စလုံးဟာ နအဖက ပြောထားတဲ့အချက်တွေနဲ့ကွာနေပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်အထူးဒေသရရှိရေး သုံးပွင့်ဆိုင် ဆွေးနွေးအဖြေရှာရေးဆိုတဲ့ သဘောမျိုးဖြစ်နေတယ်လို့ ဦးအောင်ကျော်ဇောက ပြောပါတယ်။ ဒါဆိုရင် ဒီအဖွဲ့တွေဟာ နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲကို လက်မခံတဲ့သဘောလား၊ ဒီအဖွဲ့တွေနဲ့ နအဖ–ကြားရှေ့ဆက်ဆံရေး ဘယ်လိုရှိလာနိုင်မလဲလို့ ထပ်မေးတဲ့အခါမှာတော့...

"ကေအိုင်အေရဲ့လက်နက်ကိုင်တော်လှန်ရေး ၄၃ နှစ်မြောက်မှာ လည်းပြောသွားပြီးပြီပဲ။ ကျနော်တို့လက်နက်မအပ်ဘူး၊ ပါတီမထောင်ဘူး၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းအားလုံးရဲ့ သဘောထားကတော့ လက်ရှိ ရှိနေတဲ့ဖွဲ့စည်းပုံကို ပြတ်ပြတ်သားသား ကန့်ကွက်တယ်လို့ မပြောပေမယ့်လည်း အားလုံးရဲ့သဘောထားက ကန့်ကွက်တယ်။ သူတို့အားလုံး လိုလားတဲ့ အမျိုးသားတွေ ရရှိထိုက်တဲ့ ကိုယ်ပိုင်အခွင့်အရေးတွေ ပေးဖို့တောင်းဆိုတာပေါ့ဗျာ၊ တဖက်ကလည်း လက်နက်ကိုင်တိုက်ဖို့ ပြင်တဲ့ဟာ ပြင်တာပေါ့ဗျာ။ အလားအလာကတော့ ဗမာစစ်အုပ်စုပြောသလို တညီတညွတ်တည်းတော့ ဖြစ်မလာဘူး။"

သူ့ရဲ့ ပြောဆိုချက်တွေနဲ့ ပတ်သက်ပြီး ဦးဖုန်ကြားရှင်အပါဝင် ငြိမ်းအဖွဲ့ခေါင်းဆောင်တွေကို ဆက်သွယ်လို့ မရသေးပါဘူး။ ဒါပေမယ့် ဗကပခွဲထွက်အဖွဲ့တွေဖြစ်တဲ့ ဝ ပြည်သွေးစည်းရေးပါတီမှ ဒုဥက္ကဋ္ဌနဲ့တောင်းပိုင်းစစ်ဦးစီးချုပ်ပေါက်ယူရီ၊ ဦးစိုင်းလင်းရဲ့ မိုင်းလားဒေသမှ အဆင့်မြင့်အရာရှိ ဗိုလ်မှူးကြီး လော်ချန်ပေါင်၊ ရှမ်းပြည်တပ်မတော်မြောက်ပိုင်းမှ ဒုဥက္ကဋ္ဌ စပ်ကိုင်ဖ၊ ကေအိုင်အေ ကချင်လွတ်မြောက်ရေးတပ်မတော်မှ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွန်ရှောင်နဲ့ ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်မှူးဂွတ်မော်၊ အင်ဒီအေကေမှ အဆင့်မြင့်စစ်အရာရှိတဦးတို့ တက်ရောက်ခဲ့ပြီး တရုတ်ကောင်စစ်ဝန်ပါ ပါဝင်တဲ့အတွက် ဒီအခမ်းအနားဟာ သာမန်ထက် ပိုထူးခြားကြောင်း ဦးအောင်ကျော်ဇောကပြောပါတယ်။

---

# လယ်မြေ စစ်တပ်သိမ်းမှု ILO စစ်ဆေး

**RFA ၊ မတ်လ ၁၃ ။ ။** မကွေးတိုင်း အောင်လံမြို့နယ်အတွင်းမှာရှိတဲ့ ဒေသခံတောင်သူတွေကို အတင်းအဓမ္မ ကြံစိုက်ပျိုးခိုင်းတာတွေနဲ့ လယ်ယာမြေတွေ ကို စစ်တပ်က သိမ်းယူလိုက်တာတွေနဲ့ပတ်သက်ပြီး ILO အဖွဲ့ကိုတိုင်တမ်းရာ မှာ နေပြည်တော်က တာဝန်ရှိသူတွေနဲ့ ILO က တာဝန်ရှိသူတွေ ပူးပေါင်းပြီး မတ် ၁၁ ရက် ဗုဒ္ဓဟူးနေ့က အောင်လံမြို့ကို သွားရောက်စစ်ဆေးခဲ့ကြတယ်လို့ သိရပါတယ်။

၂၀၀၈ ဩဂုတ်လက အောင်လံမြို့အနီးမှာရှိတဲ့ ကျေးရွာအုပ်စု ၃ အုပ်စု ရွာကြီး ၉ ရွာက ဒေသခံတောင်သူတွေကို အမှတ် ၅ သကြားစက်ကနေ ကြံပင်တွေ အဓမ္မစိုက်ခိုင်းခဲ့ပြီး ကြံမစိုက်တဲ့ တောင်သူလယ်သမားတွေရဲ့ လယ်ယာမြေတွေကို ဘူဒိုဇာနဲ့ ထိုးဖျက်ခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီး လယ်သမားတွေက ILO အဖွဲ့ကို တိုင်ကြားခဲ့တာရှိပါတယ်။

ဒါ့အပြင် အောင်လံမြို့နယ်အတွင်းနဲ့ နတ်မောက်မြို့နယ်အတွင်းက လယ်ယာမြေတွေကို တပ်မတော်ပိုင်အဖြစ် သိမ်းယူခံခဲ့ရတဲ့အတွက် အသိမ်းခံလိုက်ရတဲ့ တောင်သူလယ်သမားတွေက ဦးဆောင်ပြီး ၂၀၀၈ ဇူလိုင်လက ရန်ကုန်အခြေစိုက် ILO အဖွဲ့ကို တိုင်ကြားခဲ့တာရှိပါတယ်။

အခုလို တိုင်ကြားထားတွေနဲ့ပတ်သက်ပြီး ILO တာဝန်ရှိပုဂ္ဂိုလ် စတီဗ်မာရှယ်အပါအဝင် ကြပ်ပြေးနေပြည်တော်မှ ဒုဗိုလ်မှူးကြီးယုလွင်အောင် ဦးဆောင်တဲ့ အဖွဲ့ဝင်တွေဟာ ပြီးခဲ့တဲ့မတ်လ ၁၁ ရက်နေ့မနက်ပိုင်းက အောင်လံမြို့ကိုသွားရောက်ခဲ့ပြီး မြို့နယ်မယကရုံးမှာ လယ်ယာမြေသိမ်းယူခဲ့တဲ့ ဌာနဆိုင်ရာက တာဝန်ရှိသူတွေကို ခေါ်ယူ စစ်ဆေးမေးမြန်းမှုတွေ စတင်ခဲ့တာဖြစ်တယ်လို့ ဦးဆောင်တိုင်ကြားမှုမှာပါဝင်ခဲ့တဲ့ ဦးသန်းစိုးက RFA ကို အခုလိုပြောပြပါတယ်။

"နေပြည်တော်က ဒုဗိုလ်မှူးကြီးယုလွင်အောင်ပါတယ်။ နောက်ပြီးတော တာဝန်ရှိပုဂ္ဂိုလ်တယောက်ဖြစ်တဲ့ ဒေါ်သီဂီရဲထွန်းဆိုတာပါတယ်။ နောက်ပြီးတော့ စတီဗ်မာရှယ်ပါတယ်။ ၁၁ ရက်နေ့မနက်ပိုင်းလောက်မှာ ကျနော်တို့မြို့နယ်မယကရုံးကို ရောက်လာတယ်၊ အဲဒီမှာ မယက ကနေပြီးတော့ မယကရုံးမှာ ဌာနဆိုင်ရာတွေကို အကုန်စစ်တယ်လို့ ကျနော်တို့သိရတယ်။ ကြံဌာနက ဗိုလ်မှူးတွေကို စစ်တယ်၊ အမှတ် ၆ သကြားစက်က ဗိုလ်မှူးဇော်ဝင်းကို စစ်တယ်။ အမှတ် ၅ သကြားစက်က ဗိုလ်မှူးလှဘုန်းကို စစ်တယ်။ အဓမ္မခိုင်းစေမှုနဲ့ပတ်သက်လို့ နောက်ပြီးတော့ သစ်တောကိုစစ်တယ်၊ မြေစာရင်းကို စစ်တယ်၊ တမနက်ကုန်သွားတယ်ပေါ့ဗျာ၊ မယကရုံးမှာ"။

---

**စာမျက်နှာ ၂ မှ**

ဘန်ကောက်အခြေစိုက် မဟာမင်းကြီးရုံး ယူအန်အိတ်ချ်စီအာ ပြောရေးဆိုခွင့် ရှိသူ ယန်တီအစ္စမေးလ်က ပြောပါတယ်။ လှေစီးပြေး ဒုက္ခသည်တွေအနက် ကိုယ့်ကိုယ်ကိုယ် ဘင်္ဂါလီလူမျိုးပါလို့ သက်သေပြနိုင်သူတွေကို ပြန်ပြီးလက်ခံမယ်လို့ ပြီးခဲ့တဲ့ ၁၄ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှာ စစ်အုပ်စုကိုယ်စားလှယ်က သဘောတူခဲ့ပါတယ်။ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ကနေ ပင်လယ်ပြင်ကိုဖြတ်ပြီး ထိုင်း၊ အင်ဒိုနီးရှားစတဲ့ အိမ်နီးချင်းတိုင်းပြည်တွေကို ရောက်ရှိသွားတဲ့ ရိုဟင်ဂျာ လှေစီးပြေးဒုက္ခသည်တွေ ပြဿနာဟာ ဒေသတွင်းအရေးဖြစ်လာပြီးနောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရဲ့ မြန်မာနိုင်ငံခရီးစဉ် စတင်လာတာပါ။

အိမ်နီးချင်းတိုင်းပြည်တွေကို ရောက်သွားတဲ့ ရိုဟင်ဂျာတွေက မြန်မာပြည်မှာ ခွဲခြားနှိမ့်ချဆက်ဆံခံရတယ်၊ လူ့အခွင့်အရေး ချိုးဖောက်ခံရတယ် လို့ ပြောကြပါတယ်။ ရိုဟင်ဂျာတွေဟာ မြန်မာတိုင်းရင်းသားမဟုတ်ဘူးလို့ နအဖစစ်အုပ်စုက ကြေညာထားပါတယ်။

# သတင်းတိုထွေ ဖတ်စရာကဏ္ဍ ကျော်စံကွေး



## နေပြည်တော်စေတီသစ်နှင့် လူသေဆုံးမှု

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ထီးတော် တင်ပွဲနဲ့ ဘွဲ့တံဆိပ်တော်ချီးမြှင့်ပွဲတွေကို နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်သန်းရွှေကိုယ်တိုင် ဦးစီးလုပ်ဆောင်နေတဲ့အကြောင်း သတင်းစာတွေမှာ ဖော်ပြနေပါတယ်။ ဒါပေမယ့် အဲဒီပွဲတော်အတွင်း ချားရဟတ်ပျက်ကျလို့ လူ ၂၀ ခန့် သေဆုံးခဲ့တယ်ဆိုတဲ့ သတင်းကိုတော့ သတင်းစာကဖော်ပြခြင်းမရှိပါဘူး၊ ဒဏ်ရာရသူ ၇ ဦးခန့်ရှိတယ် လို့ ဆိုပါတယ်။ **(DVB, 11.3.2009)**

---

## မွေးနေ့ဆုတောင်းပွဲ

ထောင် ဖ၅ နှစ်ချပြီး လွှိုင်ကော်ထောင်ကို ပို့ထား တဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမြအေး အသက် ၄၃ နှစ်ပြည့် မွေးနေ့ဆုတောင်းပွဲတရပ်ကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့မှာရောက်နေတဲ့ သမီးဖြစ်သူ မဝေနှင်းပွင့်သုန်နဲ့ မြန်မာမူဆလင်များအဖွဲ့တို့ ပူးပေါင်းပြီး မနေ့က ပြုလုပ်ခဲ့ ပါတယ်။ မူဆလင်တင်မက ဗုဒ္ဓဘာသာတွေရော ခရစ်ယာန်တွေရော အားလုံးလာပါတယ်။ ၈၈ မျိုးဆက်ကျောင်းသားတွေရော မြန်မာနိုင်ငံမှာ အကျဉ်းကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး၊ မြန်မာနိုင်ငံသားတွေ အားလုံးအတွက်လုပ်တာလို့ မဝေနှင်းပွင့်သုန်က ပြောပါတယ်။ **(DVB, 11.3.2009)**

---

## နေပြည်တော်မှ ဝပ်ရှော့လုပ်ခွင့်ပိတ်

နေပြည်တော် သပြေကုန်းရပ်ကွက်အတွင်းတွင် ကားဝပ်ရှော့များကို လုပ်ခွင့်မပေးတော့ဘူးလို့သိပါတယ်။ သပြေကုန်းမှာ ဝပ်ရှော့ပေါင်း ၃၀ ခန့်နဲ့ တွင်ခုံလုပ်ငန်း ၅ ခုခန့်ရှိပြီး ယင်းလုပ်ငန်းများကို လုပ်ခွင့်မရ တော့ကြောင်း အဆိုပါရပ်ကွက်သားက ပြောပြပါတယ်။ နေပြည်တော် မြို့မဈေးမှ စည်ပင်အရာရှိက အဲဒီလုပ်ငန်းများကို မြို့မဈေး နောက်ကျောမှာ သီးသန့်ထားရှိ ပေးရန်ဖြစ်တဲ့အတွက် ရပ်ကွက်အတွင်းပိတ်ပင်ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။ **( N E J , 13.3.2009)**

---

## ရှစ် ခြောက်လုံး

မြန်မာနိုင်ငံတွင်းက နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးအတွက် ထိုင်းအခြေစိုက်မြန်မာ့အရေးလှုပ်ရှားသူတွေက ဦးဆောင်ပြီး နိုင်ငံတကာရောက်မြန်မာ့ဒီမိုကရေစီအင်အားစုများပူးပေါင်းပါဝင်တဲ့ လက်မှတ်စုဆောင်းရယူရေးလှုပ်ရှားမှုကို မတ်လ ၁၃ ရက်နေ့က စတင်လိုက်ပြီဖြစ်ပါတယ်။ လက်မှတ်တွေကို မေလ ၂၄ ရက်နေ့အထိ စုဆောင်းမှာဖြစ်ပြီး စုစုပေါင်း ၈၈၈၈၈၈ လက်မှတ်ရဖို့ ကြိုးပမ်းကြမှာဖြစ်ပါတယ်။ **(DPA, 13.3.2009)**

---

## အိုဘားမား၊ ယူဒိုယိုနို နှင့် မြန်မာ့အရေး

အင်ဒိုနီးရှားသမတ ယူဒိုယိုနို နဲ့ အမေရိကန်သမတ အိုဘားမားတို့ အိမ်ဖြူတော်မှာ တွေ့ဆုံတဲ့အခါ မြန်မာ့အရေးနဲ့ပတ်သက်ပြီး ဆွေးနွေးမယ်လို့ သိရပါတယ်။ မြန်မာပြည်မှာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးထွန်းကားရေးမှာ ဘယ်လိုလုပ်ဆောင်နိုင်မလဲဆိုတဲ့နည်းလမ်းတွေကို ဆွေးနွေးမှာဖြစ်ပါတယ်။ **(AFP, 14.3.2009)**

---

## ခရီးသည်ပို့ဆောင်ရေးဂျပန်ကူညီမည်

ရန်ကုန်မြို့တွင်း ခရီးသည်တင်ဘတ်စ်ကားဟောင်းတွေကို နှင်ထုတ်ပြီး အဲဒီနေရာတွေမှာ ခေတ်မီမော်တော်ကားတွေနဲ့အစားထိုးမယ်ဆိုတဲ့အစီအစဉ်ကို ဂျပန်က အကူအညီပေးမယ်လို့ သိရပါတယ်။ ရန်ကုန်က သယ်ပို့အာဏာပိုင်တွေက ကားဟောင်း ၃၇၀ ကို နှင်ထုတ်မှာဖြစ်ပါတယ်။ ဂျပန်က မသုံးတော့တဲ့ဘတ်စ်ကားတွေကို မြန်မာပြည်သို့ပို့မှာဖြစ်ပါတယ်။

**(PEOPLE'S DAILY, 12.3.2009)**

---

## နော်ဝေးရိုက်ချက်

နော်ဝေးအစိုးရက သူ့နိုင်ငံရဲ့ပင်စင်ရံပုံငွေတွေကို တရုတ်ပိုင် ဒေါင်ဖန်မော်တာကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံထားတာကို ရုပ်သိမ်းဖို့ ဆုံးဖြတ်လိုက်ပါပြီအကြောင်းကတော့ မြန်မာစစ်အာဏာပိုင်တွေအတွက် စစ်တပ်သုံးမော်တော်ကားတွေကို ဒေါင်ဖန်က ပေးသွင်းနေတဲ့အတွက်ဖြစ်ပါတယ်။ ဒီလိုပေးသွင်းတဲ့ကုမ္ပဏီမှာရင်းနှီးမြှုပ်နှံတာဟာ စစ်အုပ်စုကို ထောက်ခံအားပေးခြင်းပဲလို့ နော်ဝေးက ယူဆလို့ အခုလိုနုတ်ထွက်လိုက်တာပါ။ ဒီလုပ်ရပ်က တရုတ်ကုမ္ပဏီကိုသာမက မြန်မာပြည်မှာရင်းနှီးမြှုပ်နှံနေတဲ့ကုမ္ပဏီတွေကို သတိပေးလိုက်သလိုပါပဲ။ **( D P A , VOB, 13.3.2009)**

---

## ရေပြတ်လပ်မှုကူညီရေးအဲန်ဂျီအို

နာဂစ်မုန်တိုင်းဒဏ်ခံရတဲ့ဒေသတွေမှာ ရေပြတ်လပ်မှုတွေလျော့ပါးသက်သာစေဖို့ အဲန်ဂျီအိုတွေပူးပေါင်းထားတဲ့ကွန်ယက်တခုဟာ ကုလသမဂ္ဂနဲ့ ပူးပေါင်းပြီးလုပ်ဆောင်မယ်လို့ သိရပါတယ်။ အဲန်ဂျီအို ၁၂ ဖွဲ့ပါတဲ့အဲဒီအဖွဲ့ဟာ အလုပ်အကိုင်ဖန်တီးပေးတာမျိုး ဒီရေရောက်တောစိုက်ပျိုးတာမျိုးတွေကိုလည်း လုပ်ကိုင်ပါတယ်။ **(XINHUA, 11.3.2009)**

---

## လေအားလျှပ်စစ်

ထိုင်းနဲ့ နအဖစစ်အာဏာပိုင်တို့ဟာ မြန်မာ့ပင်လယ်ကမ်းခြေဒေသမှာ လေအားနဲ့လျှပ်စစ်ဓာတ်ထုတ်လုပ်ဖို့ ပူးပေါင်းစီစဉ်လုပ်ဆောင်ဖို့ သဘောတူလိုက်ပြီလို့ သိရပါတယ်။ ထိုင်းဘက်ကကျွမ်းကျင်သူတွေက မြန်မာပြည်ကိုလာရောက်ပြီး လေ့လာတိုင်းထွာမှုတွေကိုလုပ်မယ်လို့ သိရပါတယ်။ **(MACAU DAILY TIMES, 13.3.2009)**

---

## အက်ဖက်တမင်း ၂ သန်း

နအဖစစ်အုပ်စုက အမ်ဖက်တမင်း ၂ သန်းကို ဖမ်းဆီးရမိတယ်လို့ ကြေညာပါတယ်။ ထိုင်းနယ်စပ်ကိုသွားမယ့် ထရပ်ကားတစင်းရဲ့ လောင်စာဆီကန်ထဲမှာ ထည့်ထားတာလို့ သိရပါတယ်။ တာချီလိတ်မှာဖမ်းဆီးရမိတဲ့ အဲဒီအရေအတွက်ဟာ စံချိန်သစ်ဖြစ်ပါတယ်။ **(AFP,14.3.2009)**

# ဆန္ဒပြသော်လည်း မော်လမြိုင် မီးမပုန်၍ ကျောင်းသားများ အခက်တွေ့

**DVB ၊ မတ်လ ၉ ။** ။ ပြီးခဲ့တဲ့သောကြာနေ့ညက မွန်ပြည်နယ် မော်လ မြိုင်မြို့ မှာ အခြေခံပညာအထက်တန်းကျောင်းသားတွေက သက်ဆိုင်ရာလျှပ် စစ်ဌာန ကို ခဲနဲ့ပေါက်ပြီး ဆန္ဒပြကြတာကြောင့် နောက်တနေ့မှာ မော်လမြိုင်တမြို့လုံး လျှပ်စစ်မီးယာယီရလိုက်ကြပါတယ်။

ဒီလ ၁၁ ရက်နေ့မှာ အခြေခံပညာအထက်တန်းစာမေးပွဲတွေစတင တော့မှာမို့ လျှပ်စစ်မီးမရလို့ ကျောင်းသားတွေစာကျက်ဖို့အခက်ကြုံရာကနေ ဆန္ဒပြပွဲစတင်ခဲ့ပြီး လာမယ့် ၂၀ ရက်နေ့အထိ မီးပုံမှန်ပေးဖို့ တောင်းဆိုထား တယ်လို့ ဒေသခံတဦးက ပြောပါတယ်။ အဲဒီ သောကြာနေ့ည ၁၂ နာရီခန့်က ဖြစ်ပွားခဲ့တဲ့ လျှပ်စစ်မီးပုံမှန်ရရှိရေးဆန္ဒပြပွဲကို အထက်တန်းကျောင်းသား ၅၀ ခန့်က စတင်ကြတာဖြစ်ပြီး နောက်ပိုင်းမှာ အရပ်သားတွေလည်း ပူးပေါင်းပါဝင် တယ်လို့ သိရပါတယ်။ အခုတော့ လျှပ်စစ်ဌာနကို လာဘ်ထိုးထားတဲ့အိမ်တွေနဲ့ စစ်တပ်အရာရှိကြီးတွေရဲ့အိမ်တွေကလွဲရင် လျှပ်စစ်မီးဟာ အရင်ကလို ပြန်လည် ပြတ်တောက်သွားပြီလို့ သိရပါတယ်၊ မော်လမြိုင်မြို့မှာ မီးမလာတာ လနဲ့ချီကြာ မြင့်နေပြီဖြစ်ပြီး ဆန္ဒပြပြီး နောက်တနေ့မှာ ခဏသာလာပြီး အဲဒီနောက်နေ့က တည်းက မလာတော့တာလို့ မော်လမြိုင်မြို့ခံတဦးကပြောပါတယ်။

"ထရန်စဖော်မာထဲမှာ မီးရှိရဲ့သားနဲ့ မီးမလွှတ်ဘူး။ နားလည်မှုယူပြီး သွယ်ထားတဲ့အိမ်တွေတော့ အကုန်လာတာပေါ့။ ကျနော်တို့ရပ်ကွက်ထဲမှာ ဗိုလ်မှူးတယောက်ရှိတယ်။ သူ့အိမ်ကတော့ အမြဲလာတာပေါ့။"

အခုအချိန်မှာတော့ မော်လမြိုင်မြို့မှာ အာဏာပိုင်တွေက လုံခြုံရေးတင်း ကျပ်ထားပြီး ညအချိန် သွားလာသူတွေကို ရှာဖွေစစ်ဆေးမှုတွေလုပ်နေတယ်လို့ မော်လမြိုင်ဒေသခံက အခုလို ဆက်ပြောပါတယ်။

"လုံခြုံရေးအနေနဲ့ မနေ့ညကစပြီးတော့ ဒိုင်းတွေ၊ ကာဇာတွေ အပြည့် အစုံနဲ့ ရဲတွေ တမြို့လုံးချထားတယ်။ ဆိုင်ကယ်တွေဆိုလည်း အဖုံးတွေ၊ ဖင်ထိုင်ခုံ တွေကအစ လှန်ပြရတယ်။"

အာဏာပိုင်တွေက လုံခြုံရေးတိုးချဲ့ထားပေမယ့် ကျောင်းသားတွေဘက် နောက်ထပ်ဆန္ဒပြမယ့်အရိပ်အယောင်မျိုး မတွေ့ရဘူးလို့ ဒေသခံတချို့က ပြော ပါတယ်။ ထိုင်းနိုင်ငံအခြေစိုက် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ ချုပ် (နိုင်ငံခြားရေးရာကော်မတီ) ကလည်း မော်လမြိုင်ကျောင်းသားတွေရဲ့ လျှပ် စစ်မီးရရှိရေးဆန္ဒပြပွဲကို ထောက်ခံတဲ့ကြေညာချက်တစောင် ဒီနေ့နေ့စွဲနဲ့ ထုတ် ပြန်လိုက်ပါတယ်။ မြန်မာနိုင်ငံမှာ ရေအားလျှပ်စစ်စီမံကိန်းနဲ့ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုစီမံကိန်းတွေ အများအပြားရှိနေပေမယ့်လည်း ပြည်သူတွေဟာ လျှပ် စစ်မီးကို အလွန်ချို့တဲ့စွာ သုံးစွဲနေရတယ်လို့ အဲဒီကြေညာချက်မှာ ထောက်ပြ ဝေဖန်ထားတာ တွေ့ရပါတယ်။

# ထူးချွန်တဲ့ မြန်မာလူငယ် ဂျပန်ခေါ်မည်

**VOB ၊ မတ်လ ၁၁ ။** ။ ကွန်ပျူတာ ပရိုဂရမ်ရေးဆွဲရာတွင် ထူးချွန်တဲ့ မြန်မာ လူငယ်များကို ဂျပန်နိုင်ငံရှိ ကွန်ပျူတာပရိုဂရမ်ရေးဆွဲတဲ့ မိခင်ကုမ္ပဏီများသို့ စေလွှတ်သွားမယ်ဖြစ်ကြောင်း မြန်မာနိုင်ငံအခြေစိုက် ဂျပန်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အပြည့်ဖြင့် လည်ပတ်လျက်ရှိတဲ့ Myanmar DCR Co., Ltd. မှ အုပ်ချုပ်မှု ဒါရိုက်တာ မစ္စတာ တိုမိုယူကီ အီဝါနာဂါက ပြောပါတယ်။

ဂျပန်အိုင်တီကုမ္ပဏီများသည် အာရှတိုက်ရှိ ဗီယက်နမ် ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ် တရုတ်စတဲ့နိုင်ငံ အချို့မှာ သွားရောက်ပြီး လူငယ်အရင်းအမြစ် များကို ငှားရမ်းကာ ဂျပန်ဈေးကွက်အတွက် လိုအပ်သည့် ကွန်ပျူတာပရိုဂရမ် များထုတ်လုပ်ရန် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်နေကြပါတယ်။

အဲဒီလို လာရောက်ရင်းနှီးမြှုပ်နှံသူများတွင် ဂျပန်နိုင်ငံမှ DCR Co., Ltd. သည်မြန်မာနိုင်ငံသို့လာရောက်ပြီး ဂျပန်ဘာသာတတ်ကျွမ်းသည့် လူငယ် ပညာရှင်များကိုလေ့ကျင့်ပြီး ဂျပန်ဘာသာဖြင့် ပရိုဂရမ်များထုတ်လုပ်ရေးဆွဲ လျက်ရှိတယ်လို့လည်း မစ္စတာ တိုမိုယူကီ အီဝါနာဂါ က ပြောပါတယ်။

"အခုဆိုရင် ကျွန်တော်တို့ဆီမှာ လူငယ်ပညာရှင် ၁၀၀ လောက်ရှိပါပြီ၊ အဲဒီအထဲက ၈၀ ရာခိုင်နှုန်းကတော့ ရန်ကုန် ကွန်ပျူတာနည်းပညာ တက္ကသိုလ် ကနေ ကျောင်းဆင်းတဲ့ကျောင်းသားတွေဖြစ်ပါတယ်"။

အဲဒီ လူငယ်များသည် ဂျပန်ဘာသာနဲ့ကွန်ပျူတာပရိုဂရမ်ရေးဆွဲနည်း များကို ကျွမ်းကျင်ပိုင်နိုင်စေရန် ဂျပန်ဘာသာစကားပြော သင်တန်းများနှင့် ပြည် တွင်းအိုင်တီသင်တန်းကျောင်းများမှာ လက်တွေ့ထပ်မံလေ့ကျင့်ပြီးမှ ခေါ်ယူသုံး စွဲထားကြောင်းသိရပြီး ဂျပန်ဘာသာစကားနဲ့ ကွန်ပျူတာ ထူးချွန်ထက်မြက်တဲ့ လူငယ်များကို ဂျပန်ရှိ မိခင်ကုမ္ပဏီသို့ စေလွှတ်အသုံးချတယ်လို့ဆိုပါတယ်။

"ကျွန်တော်တို့ မြန်မာပြည်က ထူးချွန်တဲ့လူငယ်တွေကို လာရောက်ခေါ် ယူတာက လုပ်ခနည်းနည်းနဲ့ခေါ်ယူတယ် ဆိုတာထက် ထူးချွန်တဲ့လူငယ်တွေကို ပိုမိုပြီးထူးချွန်လာအောင် ပျိုးထောင်ပေးတဲ့သဘောပါ၊ တခြားနိုင်ငံတွေမှာ အိုင် တီပိုင်းမှာ ထူးချွန်ပေမဲ့ ဂျပန်ဘာသာစကားပိုင်းမှာကျွမ်းကျင်မှုမရှိပါဘူး၊ အထူး သဖြင့် ဒီနိုင်ငံကလူငယ်တွေက ဘာသာစကားပိုင်းမှာရော ကွန်ပျူတာပိုင်းဆိုင် ရာမှာပါ ကျွမ်းကျင်တဲ့အားသာချက်တွေရှိပါတယ်"။

မစ္စတာ တိုမိုယူကီ အီဝါနာဂါ ပြောဆိုသွားတာဖြစ်ပါတယ်။ ဒီ အားသာ ချက်များကြောင့်လည်း မြန်မာနိုင်ငံကို လာရောက်ရန် စိတ်ဝင်စားရခြင်းဖြစ် တယ်လို့လည်း သူက ဆက်ပြောဆိုပါတယ်။

# အဖွဲ့ချုပ်ဝင် ၂ ဦး ထပ်မံ ဖမ်းဆီးခံရ

**DVB ၊ မတ်လ ၉ ။** ။ ရန်ကုန်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် ၂ ဦးကို စစ်အုပ်စုက ထပ်မံဖမ်းဆီးလိုက်တယ်လို့ အဖွဲ့ချုပ်သတင်းနဲ့ပြန်ကြား ရေးအဖွဲ့က ဒီနေ့ပြောပါတယ်။

အဖမ်းခံရသူ ၂ ဦးဟာ ရန်ကုန်တိုင်း လှိုင်မြို့နယ်အဖွဲ့ချုပ်ဝင် ကိုရွှေဂျီးနဲ့ စန်းချောင်းမြို့နယ် အဖွဲ့ချုပ်ဝင် ဦးစိန်လှိုင်တို့ဖြစ်တယ်လို့ ပြောပါတယ်။ ဦးစိန်လှိုင် ကို ဒီလ ၆ ရက်နေ့က စတင်ဖမ်းဆီးပြီးနောက် ကိုရွှေဂျီးကို ထပ်မံဖမ်းဆီးခဲ့တာ ဖြစ်ပါတယ်။ ဘာကြောင့် ဖမ်းတယ်၊ ဘယ်ကို ဖမ်းသွားတယ်ဆိုတာတော့ အတိ အကျမသိရသေးဘူးလို့ အဖွဲ့ချုပ်သတင်းနဲ့ ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်း ပြောပါယတ်။

"လှိုင်က ကိုရွှေဂျီးဆိုတာ မနက်က သူ့သမက်က ကိစ္စတခုနဲ့ဖမ်းသွား ပြီးတော့ အထဲမှာ နိုပ်စက်လို့သေသွားတဲ့လူရဲ့ယောက္ခမပေါ့။ ကိုရွှေဂျီးရယ်၊ ဦးစိန်လှိုင်ဆိုတာရယ် လွန်ခဲ့တဲ့ ၂ ရက်လောက်ကအဖမ်းခံရတယ်၊ ဘာကြောင့် လဲဆိုတာ တိတိကျကျမသိသေးပါဘူး။ ကိုရွှေဂျီးက စနေနေ့၊ ကိုစိန်လှိုင်က သောကြာနေ့ညပိုင်းလို့ သတင်းရတယ်။"

ပြီးခဲ့တဲ့နှစ် နှစ်ကုန်ပိုင်းလောက်က ဒေါ်အောင်ဆန်းစုကြည်လွှတ်ပေးရေး တောင်းဆိုဆန္ဒပြသူ အဖွဲ့ချုပ်ဝင် ၉ ဦးကို အာဏာပိုင်တွေက ဖမ်းဆီးခဲ့ရာမှာ တချို့ကိုလွှတ်ပေးပြီး ၃ ဦးကို ဆက်ဖမ်းထားပါတယ်။ အဲဒီ ၃ ဦးကတော့ ရွှေပြည်သာက အဖွဲ့ချုပ်ဝင် မထက်ထက်ဦးဝေ၊ ခရမ်းမြို့နယ် အဖွဲ့ချုပ်လူငယ် ကိုပပြုတ် (ကိုဝင်းမြင့်အောင်) နဲ့ စမ်းချောင်းမြို့နယ် အဖွဲ့ချုပ်လူငယ်တာဝန်ခံ ကိုထွန်းထွန်းဝင်းတို့ဖြစ်ပြီး သူတို့ကို အင်းစိန်ထောင်မှာ ဆက်လက်ဖမ်းဆီး ထားပါတယ်။

# ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် ပြည်ပထွက် အလုပ်လုပ်သူများ အခက်ကြုံ

**DVB ၊ မတ်လ ၁၀ ။** ။ စင်ကာပူ၊ မလေးရှားနဲ့ ထိုင်းနိုင်ငံတွေမှာ ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြောင့် နိုင်ငံခြားသား အလုပ်သမားတွေ လျှော့ချနေတဲ့အထဲမှာ မြန်မာတွေ ပါဝင်နေပါတယ်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာဆို စီးပွားရေးပျက်ကပ်ကြောင့် ပြီးခဲ့တဲ့ နှစ်ဆန်းကတည်းက အလုပ်သမားတွေ လျှော့ချနေတာပါ။ လုံးဝပိတ်လိုက်ရတဲ့ စက်ရုံတွေရှိနေသလို အကြောင်းအမျိုးမျိုးပြပြီး မြန်မာအလုပ်သမားတွေကို လျှော့ချနေတဲ့ စက်ရုံတွေလည်းရှိနေကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအသင်းရဲ့ တာဝန်ခံ ဦးကျော်သောင်းက ပြောပါတယ်။

"၂ လအတွင်းမှာကို ထောင်ဂဏန်း ကြီးကြီးမားမားလောက်အောင် အဆင့်ကိုဖြစ်သွားပြီ။ ဖိနပ်စက်ရုံတရုံမှာတော့ လပိုင်းပဲရှိသေးတဲ့ လူတွေကို အကြောင်းပြချက်မရှိဘဲနဲ့ ဒီအတိုင်းကိုထုတ်နေတာ။ လွန်ခဲ့တဲ့ ၃ ရက်လောက်က (အေတီတီ) လို့ခေါ်တဲ့ နိုင်ငံခြားအားကစား ဝတ်စုံချုပ်စက်ရုံမှာ အလုပ်သမား ၆၀ လောက်ကို အဆုပ်ရောဂါတွေ့တယ်ဆိုပြီး လျော်ကြေး ၅၀၀၀ ထောင်စီ အလုပ်သမားတွေရဲ့ ဘဏ်ကဒ်ထဲမှာထည့်လိုက်ပြီး ထုတ်လိုက်တယ်။"

မြန်မာနိုင်ငံသား ၇၀၀ ကျော်အလုပ်လုပ်နေတဲ့ ဘန်ကောက်မြို့ ထိကစင် ၁၂၂ မှာရှိတဲ့ လင်းမလိုက် အပ်ချုပ်စက်ရုံမှာလည်း မြန်မာအလုပ်သမား ၂၅ ယောက်ကို အလုပ်ရုံပိုင်ရှင်ကအကြောင်းအမျိုးမျိုးပြပြီး ပြီးခဲ့တဲ့အပတ်က အလုပ်ထုတ်လိုက်တယ်လို့ အဲဒီစက်ရုံမှာလုပ်နေတဲ့ ကိုသန်းဇော်ဦးကပြောပါတယ်။

"အလုပ်သမားထုတ်တယ်ဆိုတာ အကြောင်းမရှိ အကြောင်းရှာပြီး တော့ ရောဂါအခြေအနေအရ လူလျှော့တဲ့ပုံစံတွေရှိတယ်။ သူ့နေရာနဲ့သူ လိုက် ပြီးတော့ အပြစ်ရှာနေတာပေါ့။" အဲဒီ ထိကစင်ရပ်ကွက်မှာရှိတဲ့ သိုးမွေးစက်ရုံ တရုံမှာလည်း အလုပ်မကျွမ်းကျင်ဘူးဆိုပြီး မြန်မာအလုပ်သမား ၆၀ ကို အလုပ်ထုတ်လိုက်တယ်လို့လည်း ကိုသန်းဇော်ဦးက ပြောပါတယ်၊ အလုပ်ပြုတ်ခံရသူတွေဟာ မြန်မာနိုင်ငံကို ပြန်မသွားဘဲ အလုပ်ပြန်ရနိုးနိုးနဲ့ ဖြစ်သလိုနေထိုင် စောင့်နေကြတယ် လို့လည်းဆိုပါတယ်။ မလေးရှားနိုင်မှာလည်း အလုပ်သမားတွေ လျှော့ချနေတဲ့အပြင် အလုပ်လက်မဲ့တရားမဝင် နိုင်ငံခြားသားအလုပ်သမားတွေကိုပါ မလေးရှားအာဏာပိုင်တွေက အရေးယူခြင်းမရှိပဲ သက်ဆိုင်ရာနိုင်ငံ တွေ ပြန်ခွင့်ပေးနေပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံသားအများစုဟာ မလေးရှား မှာပဲ ဖြစ်သလို ဆက်နေနေတယ်လို့ အန်အယ်လ်ဒီအယ် (မလေးရှားဌာနခွဲ)ရဲ့ အလုပ်သမားရေးရာတာဝန်ခံ ကိုဉာဏ်လင်းအောင်က ပြောပါတယ်။

"စက်ရုံတွေ ရာခိုင်နှုန်း ၄၀ လောက်ပိတ်လိမ့်မယ်။ ဒါ့ထက် ပိုရင် ပိုလိမ့်မယ်။ အလုပ်သမားဦးရေတွေ လျှော့ချတာ အရမ်းများတယ်။ အလုပ်ပြုတ်ကြတာ မြန်မာနိုင်ငံကလူတွေ သောင်းနဲ့ချီလိမ့်မယ်။"

စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသားတွေလည်း အလားတူ ဖြစ်ရပ်နဲ့ ကြုံတွေ့နေရပါတယ်။ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ပြည်ပကပြန်လာမယ့် သူတွေအတွက် အလုပ်အဆင်သင့်ရှိနေတယ်လို့ ပြောထားပေမယ့် ရှေ့အပတ်မှာ မလေးရှားကနေ မြန်မာနိုင်ငံကို ပြန်ရတော့မယ့် အလုပ်သမားကိုမောင်မောင်ကတော့ သူ့အတွက် မြန်မာနိုင်ငံမှာ အလုပ်တခုရဖို့ ရေရာသေချာမှု ဘာမှ မရှိဘူးလို့ပြောပါတယ်။

"အခုချိန်မှာတော့ ဘာတွေပြင်ဆင်ထားမလဲ၊ ဘာတွေလုပ်ပေးမလဲ ဆိုတာ ဘာမှမသိနိုင်တော့ ဘာမှ ပြောလို့မရပါဘူး။ ကိုယ့်မိသားစုတွေနဲ့ ခွဲခွာပြီး နိုင်ငံခြားကို ဘယ်သူထွက်လုပ်ချင်ပါ့မလဲ။ အဆင်မပြေနိုးနိုး ထွက်လာပြီးတော့ ကြိုးစားကြည့်ရတာပဲ။ နိုင်ငံခြားမှာ လုပ်ကိုင်ရှာဖွေစားသောက်၊ ဒုက္ခတွေအမျိုးမျိုးရောက်နေတာမျိုး မဖြစ်အောင် ကိုယ့်နိုင်ငံကိုပဲ တိုးတက်စေချင်တဲ့ဆန္ဒရှိတယ်။ လက်ရှိနိုင်ငံကို အုပ်ချုပ်နေတဲ့လူတွေအနေနဲ့ အကောင်းဆုံးလုပ်နိုင်မယ်ဆိုရင်တော့ ကျနော်တို့ ဒီလိုဒုက္ခတွေ ကြုံတွေ့ ခံစားနေရမှာ မဟုတ်ဘူး။"

အလုပ်လက်မဲ့ဖြစ်ပြီး မြန်မာပြည် ပြန်သွားသူအများစုက ကိုမောင်မောင်လို နိုင်ငံထဲမှာ အိုးပိုင် အိမ်ပိုင်ရှိသူတွေ၊ အဆင်ပြေသူတွေများပြီး အများစုကတော့ အခုထိ အိမ်နီးချင်းနိုင်ငံတွေမှာ ဖြစ်သလိုဆက်လက်ရပ်တည် ဖို့ကြိုးစားနေတာ တွေ့နေရပါတယ်။

# နိုင်ငံခြားအာမခံကုမ္ပဏီ ကျူဘီအီး မြန်မာနိုင်ငံက ထွက်ခွာ

**RFA ၊ မတ် ၁၀ ။** ။ မြန်မာနိုင်ငံမှာစစ်အစိုးရရဲ့လုပ်ငန်းတွေနဲ့ပတ်သက်ပြီး အာမခံဆိုင်ရာလုပ်ကိုင်ဆောင်ရွက်ပေးနေတဲ့ နိုင်ငံခြားအာမခံကုမ္ပဏီကြီးတွေ ထဲက ဩစတြေးလျားအခြေစိုက် QBE အာမခံကုမ္ပဏီဟာ မြန်မာနိုင်ငံမှာ အလုပ်မလုပ်တော့ကြောင်း ဒီကနေ့မတ်လ ၁၀ ရက်မှာ ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။

QBE အာမခံကုမ္ပဏီရဲ့ကြေညာချက်မှာ–အနေနဲ့ ကမ္ဘာတဝှမ်းက မိမိတို့လုပ်ငန်းတွေကို ခြုံငုံသုံးသပ်ကြည့်ရာမှာ မြန်မာနိုင်ငံကလုပ်ငန်းတွေဟာ အုပ်ချုပ်သူစစ်အစိုးရကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပံ့ပိုးပေးနေရာရောက်တဲ့အတွက် မြန်မာနိုင်ငံမှာအလုပ်မလုပ်ကိုင်တော့ကြောင်း QBE မှာ မြန်မာစစ်အစိုးရကိုပံ့ပိုးပေးဘို့မူဝါဒမရှိကြောင်းဖော်ပြထားပါတယ်။

အခုလို QBE အာမခံကုမ္ပဏီ မြန်မာနိုင်ငံကနေနုတ်ထွက်သွားတဲ့အပေါ် ဗြိတိန်အခြေစိုက် မြန်မာ့ရေးလှုပ်ရှားဆောင်ရွက်နေတဲ့ Burma Campaign UK အဖွဲ့က ကြိုဆိုလိုက်ပါတယ်။ Burma Campaign UK အဖွဲ့ကလှုပ်ရှားမှုတွေထဲမှာ မြန်မာနိုင်ငံမှာစစ်အစိုးရအတွက်အလုပ်လုပ်ပေးနေတဲ့ နိုင်ငံခြားအာမခံကုမ္ပဏီတွေ အပေါ်ဖိအားပေးတဲ့လှုပ်ရှားမှုလည်းပါဝင်ပါတယ်။ နိုင်ငံခြားအာမခံကုမ္ပဏီတွေက မြန်မာစစ်အစိုးရရဲ့ဘယ်လုပ်ငန်းတွေမှာအလုပ်လုပ်ပေးနေတာပါလဲလို့ မေးမြန်းရာမှာ Burma Campaign UK အဖွဲ့ကပြောခွင့်ရပုဂ္ဂိုလ် Mr.Johnny Chatterton က...

"နိုင်ငံခြားအာမခံကုမ္ပဏီတွေဟာ မြန်မာစစ်အစိုးရလက်အောက်က ကုန်စည်ပို့ဆောင်ရေးလေကြောင်းလိုင်း၊ သတ္တုမိုင်းလုပ်ငန်း စတာတွေမှာ အာမခံလုပ်ငန်းဆောင်ရွက်ပေးနေတဲ့အပြင် မြန်မာ့အာမခံလုပ်ငန်းကိုလည်း ထပ်ဆင့်အာမခံပေးနေတာဖြစ်ပါတယ်။ ဒေါ်လာဘီလီယံနဲ့ချီတဲ့လုပ်ငန်းတွေဖြစ်ပါတယ်။" လို့ပြောကြားခဲ့ပါတယ်။

အခုလို QBE အာမခံကုမ္ပဏီ မြန်မာနိုင်ငံကနေနုတ်ထွက်သွားတဲ့ကိစ္စမှာမြန်မာစစ်အစိုးရအပေါ် ဘယ်လိုအကျိုးသက်ရောက်မှုရှိမှာပါလဲလို့ မေးမြန်းရာမှာတော့ "မြန်မာစစ်အစိုးရအတွက် ဒေါ်လာဘီလျံနဲ့ချီပြီးဆုံးရှုံးသွားမှာပါ။ သူတို့လုပ်ငန်းတွေမှာ အာမခံမရှိတော့တာနဲ့ ရင်းနှီးမြှုပ်နှံသူတွေရဲ့ယုံကြည်မှုလည်းဆုံးရှုံးသွားမှာဖြစ်လို့ စီးပွားရေးအရအကျပ်ဆိုက်သွားနိုင်ပါတယ်။တကယ်တော့ မြန်မာစစ်အစိုးရဟာ ဒီစီးပွားရေးအကျိုးအမြတ်တွေကြောင့် ကိုယ့်ပြည်သူအပေါ် ဆက်လက်ဖိနှိပ်နေနိုင်တာပါ" လို့ပြောပါတယ်။

မြန်မာနိုင်ငံမှာအာမခံလုပ်ငန်းဆောင်ရွက်နေတဲ့ နိုင်ငံခြားကုမ္ပဏီကြီးတွေကို Burma Campaign UK အဖွဲ့က နံမည်ပျက်စာရင်းသွင်းခဲ့ရာမှာ ဗြိတိန်အခြေစိုက် Lloyd's of London အာမခံကုမ္ပဏီကအကြီးဆုံးဖြစ်ပြီး သူနဲ့စီးပွားဘက်ဖြစ်တဲ့ Catlin နဲ့ Atrium ကုမ္ပဏီတွေ၊ Hannover Re ခေါ် ဂျာမဏီအာမခံကုမ္ပဏီ၊ Sompo ဂျာမဏီကုမ္ပဏီ၊ ACE ကုမ္ပဏီ စတာတွေပါဝင်ကြပါတယ်။

**စာမျက်နှာ ၁၇ သို့**

# ခရိုင်ဆေးရုံတခုတွင်ဆရာဝန်တယောက် သာရှိ၍ ဒေသခံများ ပူပန်နေကြရ

**DVB ၊ မတ်လ ၁၀ ။** ။ ခရိုင်အဆင့်ရှိတဲ့ မကွေးတိုင်း ရေနံချောင်းမြို့ ပြည်သူ့ဆေးရုံကြီးမှာ ဆရာဝန်လုံလောက်မှုမရှိတဲ့အတွက် ဒေသခံတွေအနေနဲ့ဆေးဝါးကုသရေးမှာ အခက်တွေ့ နေရတယ်လို့ သိရပါတယ်။

ရေနံချောင်းမြို့ ပြည်သူ့ဆေးရုံမှာ အရင်က ဆရာဝန် ၃ ဦး ရှိခဲ့ပေမယ့် အခုတော့ ဆရာဝန်တဦးပဲရှိတော့လို့ ဆေးကုသရေးမှာ ဒေသခံတွေ အခက်ကြုံနေရပါတယ်။ ဆေးရုံအုပ်ကြီးကပင်စင်နဲ့ အနားယူသွားတာ ၃ လလောက်ရှိနေပြီး ဆရာဝန်တဦးဖြစ်တဲ့ ဒေါက်တာသဉ္ဇာဦးကိုလည်း ရေနံချောင်းမြို့အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဒုဉက္ကဋ္ဌ ဒေါ်ခင်စောဌေးရဲ့သမီးဆိုပြီး မန္တလေးတိုင်းပုသိမ်ကြီးမြို့ကို ပြောင်းရွှေ့လိုက်ပါတယ်။ မိခင်ဖြစ်သူက နိုင်ငံရေးလုပ်တာကြောင့် ဒေါက်တာသဉ္ဇာဦးကို နိုင်ငံရေးလုပ်မလုပ် ဆရာဝန်ကြီးတွေကို စစ်ဆေးမေးမြန်းရာ မှာ ဆရာဝန်ကြီးတွေက နိုင်ငံရေးမလုပ်ကြောင်း၊ အမှန်တကယ်လည်း နိုင်ငံရေး ကိုနားမလည်သူဖြစ်ကြောင်းပြောပေမယ့် နယ်ပြောင်းပစ်လိုက်တယ်လို့ တိုင်းအမျိုးသမီးအဖွဲ့တာဝန်ခံလဲဖြစ် ရေနံချောင်းမြို့ အဖွဲ့ချုပ်ဒုဥက္ကဋ္ဌလည်းဖြစ်တဲ့ ဒေါ်ခင်စောဌေးက ပြောပါတယ်။

“သူ့ကိုပြောင်းမိန့်ပေးတုန်းက ငိုတောင်ငိုတယ်၊ အမေနိုင်ငံရေးလုပ်တာနဲ့သမီးနဲ့ဘာဆိုင်လဲပေ့ါ။ သူ့အဖေက ဦးနှောက်ခွဲထားရတာဆိုတော့ ကျန်းမာရေးစောင့်ရှောက်ဖို့ နီးနီးကပ်ကပ်မနေရတော့ဘူးပေ့ါ။”

ဆေးရုံမှာ ဆရာဝန်မလုံမလောက်ဖြစ်ချိန်မှာပဲ ပြီးခဲ့တဲ့လက ရေနံချောင်းမြို့မှာ ပညာလွှင်ဘော်ဒါက ကားတိမ်းမှောက်မှုဖြစ်ပွားရာမှာ ၁ ယောက်သေဆုံးပြီး ကလေး ၃၀ လောက်ဒဏ်ရာရသွားပြီး အဲဒီအထဲက ၁၇ ယောက်ကို မကွေးဆေးရုံပို့လိုက်ရကာ ကျန်တဲ့ ၁၃ ယောက်ရဲ့ထိခိုက်မှုက အပေါ်ယံသာဖြစ်တဲ့အတွက် ရေနံချောင်းမှာတင်ကုသလိုက်ရတယ်ဆိုပေမယ့် မနိုင်မနင်းဖြစ်တယ်လို့ ရေနံချောင်းမြို့ခံတဦးက ပြောပါတယ်။

“ရေနံချောင်းဆေးရုံက မြို့နယ်ဆိုပေမယ့် ခရိုင်အဆင့်ဆေးရုံပေ့ါ။ ဆေးရုံကြီးဆိုလည်း ခရိုင်ဆေးရုံကြီးလို့ဆိုရတာ အရင်တုန်းကဆိုရင် အိုဂျီတွေ၊ ခွဲစိတ်ဆရာဝန်ပါရဂူ၊ အရိုးအကြော ဆရာဝန်ပါရဂူ ၃ ယောက်လောက်ရှိတယ်။ အခုပါရဂူ ၃ ယောက်လည်း မရှိဘူး။ ဆေးရုံအုပ်ကြီးလည်းမရှိဘူး။ ဆရာဝန်တယောက်တည်း ရှိနေတယ်။”

ရေနံချောင်းဆေးရုံမှာ ဆရာဝန်လုံလောက်မှုမရှိတဲ့အပြင် ဆေးဝါးကုသရေးဆိုင်ရာ ပစ္စည်းတွေမှာလည်း ပြည့်စုံလုံလောက်မှုမရှိတဲ့အတွက် သာမန်မွေးလူနာကိုပင် မကွေးမြို့မှာ အရေးပေါ် သွားမွေးရတာမျိုးတွေရှိနေတဲ့အတွက်၊ အသက်ဆုံးပါးမှုတွေရှိနေတဲ့အတွက် မြို့ခံလူထုမှာ စိုးရိမ်မကင်းဖြစ်နေရတယ်လို့နောက် မြို့ခံတဦးက ပြောပါတယ်။

“နောက်လက်ရှိဆေးရုံကြီးရဲ့အနေအထား စက်ယန္တရား၊ ဆေးပစ္စည်းနဲ့ပတ်သက်တဲ့ အဆင့်တွေကလည်း တော်တော်လေးခေတ်မမီမှုနည်းတယ်။ ဘာမှပြည့်စုံခြင်းမရှိဘူး။ ”

အလားတူ ကျေးရွာဒေသ ကျန်းမာရေး ဆေးပေးခန်းတွေမှာလည်း ဆရာဝန်မရှိဘဲ ကျန်းမာရေးမှူးသာရှိကာ ဆေးဝါးဆိုလို့ ဘာမှမရှိကြောင်းနဲ့ အရေးပေါ်ဆေးကုသဖို့လိုရင် မြို့ဆေးရုံသွားရတဲ့အတွက် ငွေရှိမှသာ အားလုံးအဆင်ပြေနိုင်စရာရှိကြောင်း ရေနံချောင်းမြို့နယ် ပင်းဝကျေးရွာအုပ်စု ဒေသခံတဦးက ပြောပါတယ်။ ခရိုင်ဆေးရုံတခုအနေနဲ့ ဆရာဝန်တဦးပဲရှိနေတဲ့အပေါ် ရေနံချောင်းဆေးရုံကို ဆက်သွယ်မေးမြန်းတဲ့အခါ တာဝန်ကျဝန်ထမ်းတဦးက လက်ရှိဒေါက်တာ မျိုးမင်းဦး တဦးပဲ ရှိနေပြီး တိုက်နယ်ဆေးရုံတာဝန်ကျ ဆရာဝန်တဦးက တပတ်မှာ ၃ ရက် လောက်လာရောက်ကူညီပေးနေရတယ်လို့ပြောပါတယ်။

“ဆရာဝန်တဦးပဲရှိလို့ ဒေသခံတွေအခက်ကြုံရသလို ဆေးရုံအနေနဲ့လည်း အဆင်မပြေမှုတွေ အများကြီးရှိတယ်” လို့ အဲဒီတာဝန်ကျဝန်ထမ်းက ပြောပါတယ်။ အထူးသဖြင့် ဆေးဝါးကုသမှုဆိုင်ရာအထောက်အကူပစ္စည်း မပြည့်စုံတာလို့ပြောပါတယ်။

# မြန်မာ့ကျောက်မျက်ရတနာတွေ အဝယ်ကျဆင်း၊ ကျောက်မျက်ဈေးကွက် ပျက်

**DVB ၊ မတ်လ ၁၀ ။** ။ မြန်မာ့ကျောက်မျက်ရတနာတွေ အရင်ကလို အရောင်းအဝယ်မကောင်းတော့တာကြောင့် မန္တလေးတိုင်း မိုးကုတ်၊ ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးဒေသတွေက ကျောက်တူးသမားကအစ ပြည်တွင်း ပြည်ပက မြန်မာ့ရတနာကုန်သည်တွေ စီးပွားရေးကျဆင်းနေပါတယ်။

ကျောက်မျက်ရတနာဈေးတွေ တနေ့တခြားကျဆင်းနေတာကြောင့် မြန်မာနိုင်ငံရဲ့ ပတ္တမြားမြေဖြစ်တဲ့ မိုးကုတ်နဲ့ မိုင်းရှူးဒေသတွေက ကျောက်တွင်းတွေမှာ အနယ်နယ်အရပ်ရပ်က လာရောက်လုပ်ကိုင်သူတွေဟာ မိမိတို့နေရပ်ဒေသတွေကို တဖွဲဖွဲ ပြန်နေကြတယ်လို့ သိရပါတယ်။ အစိုးရကျောက်တွင်းတွေရော ပုဂ္ဂလိက ကုမ္ပဏီပိုင် ကျောက်တွင်းတွေပါ ကျောက်ဈေးတွေ ပြုတ်ကျနေတဲ့အတွက် အလကားတူးခွင့်ရမယ်ဆိုရင်တောင် အမြတ်ရအောင် မတူးနိုင်တော့တဲ့ အနေအထားရှိနေတဲ့အပြင် မိုင်းရှူးကျောက်ကွင်းရဲ့ လေးပုံတပုံခန့်ဟာ လုပ်ငန်းခွင်တွေကို ပစ်ပြေးသွားကြပြီဖြစ်ကြောင်း၊ ကျန်ရှိနေသူတွေထဲက ထက်ဝက်မကလူတွေလည်းပဲ စွန့်ခွာတော့မယ့် အနေအထားရှိနေကြောင်း ဒေသခံတဦးက ပြောပါတယ်။

“ဈေးရောင်းစားတဲ့လူတွေ ဆိုင်တွေသိမ်းပြီး ပြန်လာကုန်ကြပြီ၊ မိုင်းရှူးမြို့က မြို့ပျက်ကြီးပုံစံပေါက်လာပြီ။ နယ်စုံက လာကြတယ်ဆိုတော့ တချို့လူတွေလည်း အိမ်နဲ့ဝိုင်းထားခဲ့တော့ သွပ်ပြားတွေခွာယူတဲ့ လူတွေကလည်း ခွာယူလာတယ်။ တချို့လူတွေလည်း သော့ခတ်ခဲ့တယ်။ ”

ကျောက်တွင်းတွေ အလုပ်မဖြစ်တော့လို့ ကျောက်တူးသမားအများစုဟာ ရွှေတွင်းတွေမှာ ပြောင်းရွှေ့လုပ်ကိုင်ကြတယ်လို့လည်း အဲဒီဒေသခံက ပြောပါတယ်။ မိုးကုတ်က ကျောက်တွင်းတွေမှာလည်း အလားတူအခြေအနေမျိုးတွေနဲ့ကြုံတွေ့နေရတယ်လို့ သိရပါတယ်၊ ကျောက်မျက်ရတနာဈေးတွေကျနေပေ မယ့် ငွေလိုတဲ့ကုန်သည်တွေဟာ မိမိတို့ပစ္စည်းတွေကို ၁၀ သိန်းတန်တဲ့ပစ္စည်းကို ၆ သိန်းလောက်နဲ့ အရှုံးခံရောင်းနေကြတယ်လို့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့က မြန်မာရတနာကုန်သည်တဦးက ပြောပါတယ်။

ကျောက်မျက်ရတနာဈေးတွေ အလွန်အမင်းထိုးကျနေတာဟာ ကမ္ဘာ့စီးပွားပျက်ကပ်နဲ့ ဆက်စပ်မှုရှိတယ်လို့ ရတနာကုန်သည်အများစုက သုံးသပ်ကြပါတယ်၊ ထိုင်းနိုင်ငံက ကျောက်မျက်ဈေးကွက်ဟာ ၄၀ ရာခိုင်နှုန်းလောက်ထိုးကျသွားပြီး ဘန်ကောက်ဈေးကွက်ဆိုရင် အလွန်အရောင်းအဝယ်အေးတဲ့ အနေအထားရှိနေတဲ့အပြင် ဝင်လာတဲ့ အမေရိကန်အများစုဟာလည်း သူတို့ပိုင်ငွေတွေ ဘဏ်တွေထဲမှာပိတ်မိနေတဲ့ အနေအထားမျိုးဖြစ်နေတယ်လို့ ဘန်ကောက်က ရတနာကုန်သည်တဦးက ပြောပါတယ်။

“သူတို့လည်း စီးပွားရေးမလည်ပတ်နိုင်ဘူး။ အများသောအားဖြင့် ဘန်ကောက်က ယူရို၊ အမေရိကား စတဲ့နိုင်ငံသားတွေကို မှီခိုနေရတယ်ဆိုတော့ အကုန်လုံးကျကုန်တာပေ့ါ။ ဒီဘက်က အဝယ်ကျလို့လည်း ကျနော်တို့ဗမာပြည်ဘက်မှာ အဝယ်ကျသွားတာပေ့ါ။”

# ကျောင်းသားများ အခက်အခဲတွေကြားက ၁၀ တန်းစာမေးပွဲ ဖြေဆိုနေကြရ

**DVB ၊ မတ်လ ၁၁ ။** ။ မန္တလေးတိုင်း မြင်းခြံမြို့နယ် ထနောင်းကုန်ကျေးရွာက ကျောင်းသားအများစုဟာ ဒီကနေ့စတင်တဲ့ ၁၀ တန်းစာမေးပွဲကို အခက်ခဲတွေကြောင့် ဝင်ရောက်မဖြေဆိုနိုင်ဘူးလို့ သိရပါတယ်။

မြင်းခြံမြို့ ထနောင်းကုန်းကျေးရွာ အထက်တန်းကျောင်းခွဲက ၁၀ တန်းကျောင်းသားတွေဟာ မြင်းခြံမြို့ပေါ်က အထက ၂ ကျောင်းကို သွားရောက်စာမေးပွဲဖြေဆိုရပါတယ်။ စီးပွားရေး အဆင်မပြေမှုတွေနဲ့သက်ဆိုင်ရာ ကျောင်းအာဏာပိုင်တွေရဲ့ စီမံခန့်ခွဲမှု ညံ့ဖျင်းတာတွေကြောင့် အများစုဟာ သွားရောက်ဖြေဆိုနိုင်ခြင်းမရှိဘူးလို့ ကျောင်းသားတွေက ပြောပါတယ်။ ဝင်ရောက်ဖြေဆိုနိုင်သူတွေကလည်း အခက်ခဲမျိုးစုံကြားက ဖြေဆိုနေရတာလို့ဆိုပါတယ်။ ထနောင်းကုန်းရွာက ကျောင်းသားတယောက်ဆိုရင် စီးပွားရေးအခက်အခဲကြောင့် သူဆယ်တန်းဖြေဖို့အတွက် ၉ တန်းရောက်နေပြီဖြစ်တဲ့ ညီမဖြစ်သူကို တနှစ်နားခိုင်းထားရကြောင်း၊ ကျောင်းတက်ချိန်မှာ စာကြည့်ဖြစ်တာက လွဲပြီး ကျန်အချိန်တွေမှာ မိသားစုအလုပ်တွေကို မနားတမ်းလုပ်နေရကြောင်း၊ မြင်းခြံ မြို့ပေါ်ကို စာမေးပွဲဖြေဖို့ သွားရာမှာလည်း ကားတတန် စက်ဘီးတတန်နဲ့ သွား ရကြောင်းပြောပါတယ်။

“ခုကျောင်းဖွင့်တော့သာ ကျူရှင်တက် ဘာတက်လုပ်ဖြစ်တာ။ ကျောင်းပိတ်တော့ အလုပ်က လုပ်ရတော့ အိမ်ရောက်ရင် ခေါင်းကမကြည်ဘူး။ ပြီးတော့ ကျနော့်အောက်မှာလည်း ကလေးချည်းပဲ။ အခု ၉ တန်းတက်နေတဲ့ ညီမက ကျနော့်အတွက် တနှစ်နားထားရတော့ ဝမ်းနည်းတာပေ့ါ။”

ထနောင်းကုန်းရွာ ကျောင်းအုပ်ရဲ့ စီမံခန့်ခွဲမှု ညံ့ဖျင်းလို့ ပြင်ပကျူရှင်ဆရာတွေကိုပဲ အားကိုးခဲ့ရသူ တွေရှိသလို ကျောင်းကို ကျောခိုင်းသွားရသူတွေလဲရှိတယ်ဆိုပါတယ်။ ထနောင်းကုန်းရွာ အထက်တန်းကျောင်းခွဲဟာ အရင်က စည်းကမ်းကောင်းမွန်တဲ့ အစဉ်အလာရှိပေမယ့် အခုတော့ ကျောင်းအုပ်ဆရာမကြီးကိုယ်တိုင် ကျူရှင်သင်ကြားပြီး ကျောင်းလာချိန်တောင် ပုံမှန်မရှိတဲ့အတွက် ကျောင်းသားတွေပါ စည်းကမ်းပေ့ါလျော့လာပြီး စာသင်တဲ့ဆရာ ဆရာမတွေကလည်း ကျောင်းအုပ်ကြီး မရှိတဲ့အတွက် စာကို ဂရုတစိုက်မသင်ကြားကြောင်း၊ အဲဒီအတွက် ကျောင်းသားတွေလည်း ကွမ်းစား၊ ဆေးလိပ်သောက်၊ ဖဲရိုက်၊ လောင်းကစားတွေပါ လုပ်လာကြပြီး ဘယ်သူ့ကိုမှ လေးစားမှုမရှိတော့ဘူးလို့ နောက် ထနောင်းကုန်းကျောင်းသားတဦးက ပြောပါတယ်။

“ကျောင်းသားမိဘတွေက ကျောင်းသားတွေကို စည်းကမ်းတကျနဲ့ ပညာသင်စေချင်တယ်။ အမိကပြောရမယ်ဆိုရင် ကျောင်းအုပ်ကြီးက ကိုယ်တိုင်ကျတော့ စည်းကမ်းပျက်ပြီး ဆရာဆရာမတွေ၊ ကျောင်းသူကျောင်းသားတွေ ကျောင်းနောက်ကျတော့ သူကိုယ်တိုင် ကျောင်းဝမှာစောင့်ပြီး ဆရာတွေကိုရော ကျောင်းသားတွေရော တုတ်နဲ့ဆီးပြီးရိုက်တယ်။ ဆရာတွေကို ရိုက်တယ်ဆို တော့ ဆရာတွေအနေနဲ့ အများကြီးသိက္ခာကျတာပေ့ါ။ ဆရာတွေကလည်း အကုန်လုံး ၄၀ ကျော် ၅၀ နီးပါး တွေချည်းပဲ။”

ကျောင်းက ဆရာတွေက ဂရုစိုက်သင်ကြားခြင်းမရှိတော့တဲ့အတွက် ကျောင်းသားတိုင်းလိုလို ကျူရှင်တွေကိုသာ အားကိုးနေရတယ်ဆိုပေမယ့် ပြေလည်တဲ့ကျောင်းသားမိဘတွေရှိသလို မပြေလည်တဲ့ ကျောင်းသားမိဘတွေလည်းရှိနေတဲ့အတွက် ကျောင်းသားတိုင်းအတွက် အဆင်မပြေဘူးလို့ ထနောင်းကုန်းကျောင်းသူတဦးက ပြောပါတယ်။

“ပညာရေးအားပေးတဲ့ မိဘတွေရှိသလို ပညာရေးအားမပေးတဲ့ မိဘတွေလည်းရှိတယ်။ စီးပွားရေးဆိုတာအမြဲတမ်း အဆင်ပြေနေတာ မဟုတ်တော့ အိမ်က အဲလိုတခါတခါ စီးပွားရေးနဲ့ပတ်သက်ပြီးအမြဲပြောတယ်။ အဲဒီစိတ်နဲ့ စာပဲကျက်နေရတယ်။ စာမေးပွဲနားနီးမှ စာမေးပွဲဖြေဖို့အတွက် အိမ်က အမျိုးမျိုး ရှာဖွေရတာတွေရှိတော့ အဆင်မပြေတဲ့အခါမျိုးတွေဆို စိတ်ကမပါတော့ဘူး။ စာအနေနဲ့ ကိုယ်ကျက်တဲ့ ဘာသာအလိုက် ကိုယ်ရထားတဲ့စာတွေကတော့ အခက်အခဲမရှိပါဘူး။ ဒါပေမယ့် စာကျက်ဖို့ မီးအခက်အခဲတွေဘာတွေတော့ ရှိတယ်။”ဒီနေ့မှာ စတင်တဲ့ စာမေးပွဲကို ငွေရေးကြေးရေးအဆင်မပြေလို့ မြို့ကိုတက်ပြီး လာမဖြေနိုင်တဲ့တခြားရွာတွေက ကျောင်းသားတွေလည်း အများအပြားရှိနေတယ်လို့ ထနောင်းကုန်းရွာ ကျောင်းသားတွေက ပြောပါတယ်။

# ဆင်စခန်းတွေ နိုင်ငံခြားသားအလာနည်း

**DVB ၊ မတ်လ ၉ ။။** မြန်မာနိုင်ငံမှာ နိုင်ငံခြားသားအလာနည်းပြီး နိုင်ငံခြားသားတွေအတွက် စီစဉ်ပေးထားတဲ့ ဆင်စခန်းတွေမှာဆိုလာလည်သူမရှိသလောက် ဖြစ်နေပါတယ်။ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းဟာ နာဂစ်မုန်တိုင်းတိုက်ခိုက်ပြီးကတည်းက တဖြည်းဖြည်းကျဆင်းလာတာပါ။

မြန်မာနိုင်ငံရှိ နာမည်ကြီး ဆင်စခန်းတခုဖြစ်တဲ့ ဖိုးကျားဆင်စခန်းဆိုရင် လာရောက်လည်ပတ်သူ နိုင်ငံခြားသား အတော်နည်းသွားတယ်လို့ အေးရှုဂရင်း ခရီသွားလုပ်ငန်းမှ တာဝန်ရှိသူယောက်က ပြောပါတယ်။

“တောင်ငူကနေ ကျနော်တို့ချိတ်ထားတဲ့ ဟိုတယ်ကနေ ပို့တာ၊ စီစဉ်တာတွေရှိတယ်။ အမှန်တော့ ပြောလို့မရဘူး။ သုံးလေးယောက်တော့ လာလေ့ရှိပါတယ်။”

အလားတူ စန္ဒာမာရီးယာ ခရီးသွားလုပ်ငန်းကို မေးကြည့်ရာမှာလည်း သူတို့ဆီလာတဲ့ခရီးသည်တွေအနေနဲ့ အဲဒီဆင်စခန်းဘက်ကို မသွားတော့တာ အတော် ကြာပြီလို့ ပြောပါတယ်။

“အဲ့ဒီကို မသွားတာတော့ နည်းနည်းကြာပြီ။ အရင်တုန်းကသွားပေမယ့် အခုမသွားတာ တော်တော်ကြာပြီဆိုတော့ ဖွင့်သေးလား၊ ဒါမှမဟုတ် ဟိုရောက်ရင် တည်းခိုနေရာတွေ အဆင်ပြေနိုင်မလားဆိုတာတွေပြန်ပေးမေးကြည့်ရမှာ။”

မြန်မာနိုင်ငံက ဆင်စခန်းတွေမှာ အဲဒီလို နိုင်ငံခြားသားခရီးသည်တွေ အလာနည်းနေပေမယ့် အိမ်နီးချင်းထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်ခရိုင်အတွင်းမှာရှိတဲ့ ဆင်စခန်းတွေမှာတော့ တရက်ကို လာရောက်လည်ပတ်သူ ပျမ်းမျှတထောင်ကျော်ရှိနေတယ်လို့ မယ်ဆိုင်ရှိ ဆင်စခန်းတာဝန်ရှိသူတဦးက ပြောပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာတော်လှန်ရေးနဲ့ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးတဲ့နောက်ပိုင်းမှာအစိုးရက နိုင်ငံခြားသားတွေကို ပြည်ဝင်ခွင့်ကန့်သတ်ခဲ့တာ ကလည်း မြန်မာနိုင်ငံကို နိုင်ငံခြားသားတွေအလာနည်းသွားရတဲ့ အချက်တချက်အနေနဲ့ပါတယ်လို့ အေးရှုဂရင်း ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူတယောက်က ပြောပါတယ်။

တခြားအမည်မဖေါ်လိုတဲ့ တခြားခရီးသွားလုပ်ငန်းတာဝန်ရှိသူတဦးကတော့ နိုင်ငံခြားသားခရီးသွားတွေကိုယ်တိုင်က ပိတ်ပင်တားမြစ်မှုများတဲ့ မြန်မာပြည်ကို လာရောက်လည်ပတ်လိုစိတ်မရှိတာကြောင့် အခုလိုလာရောက်လည်ပတ်လိုသူ နည်းသွားတာလို့ ပြောပါတယ်။

---

**စာမျက်နှာ ၁၅ မှ**

၂၀၀၈ ခုနှစ်၊ ဩဂုတ်လအတွင်းမှာ XL နဲ့ Chadd နိုင်ငံတကာအာမခံကုမ္ပဏီနှစ်ခုနဲ့ အာရပ် အာမခံကုမ္ပဏီဖြစ်တဲ့ ARIG ကုမ္ပဏီတို့ မြန်မာနိုင်ငံကနေနုတ်ထွက်သွားခဲ့ကြပါတယ်။ အခု ဩစတေးလျအခြေစိုက် QBE အာမခံကုမ္ပဏီ ထပ်မံနုတ်ထွက်သွားတဲ့အတွက် Burma Campaign UK အဖွဲ့ရဲ့ နံမည်ပျက်စာရင်းမှာ အာမခံကုမ္ပဏီ ၁၂ ခုကျန်နေတယ်လို့သိရပါတယ်။

# ဗုဒ္ဓဂါယာဘုရားဖူးပို့ဆောင်ရေးလုပ်ငန်းများ ရာသီအလိုက်အလုပ်ဖြစ်

**DVB ၊ မတ်လ ၁၁ ။** ။ ရန်ကုန်အခြေစိုက်တဲ့ ဗုဒ္ဓဂါယာခရီးသွားလုပ်ငန်း သက်သက် ဝန်ဆောင်မှုပေးတဲ့ ခရီးသွားလုပ်ငန်း လေးငါးခြောက်ခုလောက်ရှိပါတယ်။

အဲဒီခရီးသွားလုပ်ငန်းတွေဟာ သာသနာရေးဝန်ကြီးဌာန ခွင့်ပြုချက်နဲ့မှ လုပ်ခွင့်ရကြတာဖြစ်ပြီး ခရီးစဉ် ရက်ကာလအပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားမှု ရှိသလို ခရီးသည်တဦး အနည်းဆုံး ကျပ် ၉ သိန်းကနေ ၁၂ သိန်းလောက် ကုန်ကျတယ်ပြီး ခရီးစဉ်တလျှောက် လေယာဉ်ခ၊ ကားခ၊ ဗီဇာကြေးအပါအဝင် နေထိုင်စားသောက်စရိတ်တွေ အကုန်ပါတယ်လို့ ဗုဒ္ဓဂါယာပို့ဆောင်ရေး လုပ် တဲ့ ခရီးသွားလုပ်ငန်းတခုမှ တာဝန်ရှိသူတယောက်ကပြောပါတယ်။ သူ့ကို ဈေးနှုန်းတွေ မေးကြည့်တော့ ခုလိုပြောပါတယ်။

“ ၁၅ ည ၁၆ ရက် လို့ခေါ်တယ် ၁၀ သိန်းခွဲပါ။ ၁၀ ရက်ဆိုရင် ၉ သိန်းဆိုတာရှိပါတယ်။ စားရိတ်ငြိမ်း ၁၀ ညအိပ် ၁၂ ရက်ခရီးပေါ့။”

များသောအားဖြင့် ခရီးစဉ်တခုမှာ ခရီးသည် ၃၅ ဦးလောက် ပို့ဆောင်ပေးရတာများပြီး ဗုဒ္ဓဂါယာမှာကျောင်းရေစက်ချပွဲလို သာသနာရေးနဲ့ပတ်သက်တဲ့ပွဲတွေ ရှိရင်တော့ ရာနဲ့ချီတဲ့ခရီးသည်တွေ ပို့ဆောင်ပေးရတာမျိုးတွေရှိတယ်လို့ အဲဒီတာဝန်ရှိသူက ပြောပါတယ်၊ အဲ့ဒီလို ပွဲရှိတဲ့ ခရီးမျိုးတွေပို့ဆောင်ပေးရင်း စပိန်က အဖွဲ့တဖွဲ့ကပေးတဲ့ ခရီးသွားစီမံခန့်ခွဲမှုဆုရတဲ့ ဗုဒ္ဓဂါယာခရီးသွားလုပ်ငန်းတွေတောင်ရှိတယ်ဆိုတာသိရပြီး မဟာတိုးဗုဒ္ဓဂယာခရီးသွားလုပ်ငန်းက အဲဒီဆုရရှိတယ်လို့ သိရပါတယ်။ ဆုရရှိတာနဲ့ပတ်သက်ပြီး မဟာတိုးခရီးသွား လုပ်ငန်းတာဝန်ရှိသူတဦးက အခုလိုပြောပါတယ်။

“၂၀၀၈ ဖေဖော်ဝါရီလမှာ ဒီဗုဒ္ဓဂါယာက ကမ္ဘောဇရှမ်းကျောင်းရေစက်ချပွဲကို သွားတဲ့အဖွဲ့တွေအတွက် စီစဉ်ပေးလို့ရတယ်။ အဲဒီမှာလူ ၇ ယောက်လောက်ပို့ရမယ်။ ဗမာပြည်ကလူတွေချည်းပဲ ဟိုမှာနေထိုင်စားရေးသောက်ရေး၊ သွားလာရေး၊ တည်းခိုရေးတို့အဆင်ပြေအောင် စီစဉ်ပေးတဲ့အတွက်ရပါတယ်”

သူတို့ခရီးသွားလုပ်ငန်းက အပတ်စဉ် စနေနေ့တိုင်း ပုံမှန်ပို့ဆောင်ပေးနေပြီး လေယာဉ်အပြည့်ဆိုရင် ခရီးသည် ၉၃ ယောက်ပါကာ မြန်မာဘုန်းကြီးကျောင်းတွေမှာပဲ တည်းခိုတယ်လို့ဆိုပါတယ်။ မေ၊ ဇွန်၊ ဇူလိုင်နဲ့ဩဂုတ်လတွေဆိုရင် ဗုဒ္ဓဂါယာမှာ ၁၁၄၊ ၁၁၅ ဒီဂရီအထိ အပူချိန်ပြင်းတဲ့အတွက် ခရီးသွားလုပ်ငန်းကို ခေတ္တရပ်ထားပြီး စက်တင်ဘာလကုန်မှာခရီးစဉ်ပြန်စတယ်လို့ဆိုပါတယ်။

“တခါ အအေးပေါ့သွားတဲ့အချိန် ဇန်နဝါရီ၊ ဖေဖော်ဝါရီနဲ့ မတ်လတွေမှာ ပိုသွားကြပါတယ်။” ဗုဒ္ဓဂါယာဘုရားဖူးခရီးကို ခရီးသွားလုပ်ငန်းတွေအစီအစဉ်နဲ့သွားရောက်ဖူးတဲ့ ရန်ကုန်က ခရီးသွားတယောက်ကတော့ ခရီးစဉ်တွေဆွဲထားတာကျပ်နေတဲ့အတွက် အသက်ကြီးပိုင်းတွေအနေနဲ့ ပင်ပမ်းပေမယ့် ဘုရားဖူးရတဲ့အခါ ပီတိဖြစ်ပြီး ပင်ပန်းသမျှပြေပျောက်ကြတာပါပဲလို့ ပြောပါတယ်။

---

# အာဆီယံအစည်းဝေး နအဖဝန်ကြီးတက်ခွင့်မရ

**NEJ ၊ မတ် ၁၁ ။** ။ ဥရောပတိုက်တွင်မကြာခင်ကျင်းပမည့် မူးယစ်ဆိုင်ရာ အီးယူ–အာဆီယံအစည်းအဝေးသို့တက်ရောက်ရန် ပြည်ထဲရေးဝန်ကြီး သို့ မဟုတ် ဒုဝန်ကြီးကို မြန်မာစစ်အစိုးရကစေလွှတ်လိုသော်လည်း အဆိုပါပုဂ္ဂိုလ် များအား အီးယူကဒဏ်ခတ်ပိတ်ဆို့ထားသည့်အတွက် လာရောက်ခွင့်မရဟု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းတဦးကပြောပါသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဥရောပကော်မရှင်ရုံးပြောခွင့်ရပုဂ္ဂိုလ်ထံ အတည်ပြုချက်ရရန် အီးမေးလ်ဖြင့်မေးမြန်းထားသော်လည်း အကြောင်းပြန်ကြားချက်မရသေးပေ။ အလားတူ အစည်းအဝေးများသို့ ယခင်က ရဲမှူးကြီးစစ်အေးတက်ရောက်လေ့ရှိသော်လည်း ယခုနှစ်တွင် ရဲမှူးကြီးခမ်းအောင်တက်ရောက်ရန်များသည်ဟု သံတမန်တဦးကပြောပါသည်။

သို့သော် အီးယူက ၂၀၀၈ ခုနှစ်တွင်ထပ်မံဖြည့်စွက်ထားသည့် မြန်မာနိုင်ငံမှဒဏ်ခတ်ထားသူများစာရင်းတွင် ပြည်ထဲရေးဝန်ကြီးဗိုလ်ချုပ်မောင်ဦးနှင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ညွန့်ညွန့်ဦးတို့အမည်လည်းထည့်သွင်းထားသည်ကို ခေတ်ပြိုင်က ဖတ်ရှုရပါသည်။ မြန်မာစစ်ခေါင်းဆောင်များအပေါ် အီးယူမှ ဗီဇာထုတ်မပေးရေး ဒဏ်ခတ်ခြင်း၊ လက်နက်မရောင်းချခြင်း၊ အီးယူနိုင်ငံများရှိ မြန်မာစစ်ခေါင်းဆောင်များ၏ပိုင်ဆိုင်မှုများကိုထိန်းချုပ်ခြင်း၊ အီးယူသို့အထည်အလိပ်အခွန်တင်သွင်းခွင့် အခွန်လျော့ပေါ့သည့် ယေဘုယျအခွန်ကင်းလွတ်ခွင့်ကို ပိတ်ပင်ခြင်းနည်းများဖြင့် ဒဏ်ခတ်ထားသည်။

မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အီးယူ၏အဓိကရည်မှန်းချက်မှာ မြန်မာနိုင်ငံတွင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့်ဆက်ဆံရေးပြန်ထူထောင်နိုင်ပြီး လူ့အခွင့်အရေးလေးစားသည့် လူမှုရေး၊ စီးပွားရေးတိုးတက်မှုကိုရှေ့ရှုသည့် ဒီမိုကရေစီနည်းကျကျ တင်မြှောက်ခံရသည့်အရပ်သားအစိုးရတရပ်ပေါ်ထွန်းရေးဖြစ်သည်။

---

# မြန်မာဇာတ်လမ်းတွဲတွေ စီးပွားမဖြစ်

**DVB ၊ မတ်လ ၁၀ ။** ။ အခုမြန်မာဗွီဒီယိုဇာတ်ကားဈေးကွက် မကောင်းတော့ ထုတ်လုပ်သူတွေက ဇာတ်လမ်းတွဲတွေ ဘက်လှည့်လာကြပြီ ဖြစ်ပါတယ်။

စီးပွားရေးအရ တွက်ခြေမကိုက်ပေမယ့် ကိုရီးယားဇာတ်လမ်း တွဲတွေကြည့်ကာ မြန်မာဇာတ်လမ်းတွဲတွေလည်း ရှိသင့်တယ်ဆိုတဲ့ စိတ်နဲ့ရိုက်နေကြတာဖြစ်ပြီး မြန်မာ့ရုပ်သံနဲ့ မြဝတီက ပိုက်ဆံထုတ်ပေးလို့ ရိုက်တာမဟုတ်ဘဲ ထုတ်လုပ်သူက ပိုက်ဆံထုတ်လို့ ရိုက်နေကြတာ ဖြစ်ပါတယ်။ စပွန်ဆာကြေးနဲ့ ဇာတ်လမ်းတွဲပြသစဉ်ရတဲ့ကြော်ငြာခသာပြန်ရကြောင်း၊ ၄၅ မိနစ်စာ ဇာတ်လမ်းတွဲတတွဲရိုက်ရင် ကုန်ကျစရိတ်က ၁၅ သိန်းခန့် အနည်းဆုံးရှိကြောင်း၊ နာမည်ကြီးမင်းသား၊ မင်းသမီးတွေတော့ ထည့်မရိုက်နိုင်ဘူးလို့ ဇာတ်လမ်းတွဲတွေရိုက်ဖူးတဲ့ ဒါရိုက်တာ လွှတ်လပ်အိမ်က ပြောပါတယ်။

“အခုကတော့ ပုံမှန်ကြိုးစားပြီးလုပ်ကြတဲ့သဘောပါပဲ။ ပုံသေတော့ မရှိသေးဘူး။ အကျိုးအမြတ်ရမယ်မရဘူး မသေချာသေးဘူး။”

အခု ကမ္ဘာ့စီးပွားပျက်ကပ်ဆိုက်တဲ့ချိန်ကစလို့ ရန်ကုန်နဲ့မန္တလေးမှာ စီးပွားရေးပညာရှင်တွေ၊ လုပ်ငန်းရှင်တွေ၊ ငါးလုပ်ငန်းအဖွဲ့ချုပ်လို အဖွဲ့တွေက စီးပွားပျက်ကပ်အတွက် ဘယ်လိုပြင်ဆင်ထားကြမလဲ၊ ဘာတွေလုပ်သင့်သလဲ စတဲ့အချက်တွေကို ဟောပြောဆွေးနွေးပွဲတွေ ဆက်တိုက်ဆိုသလိုလုပ်ပြီးဝိုင်းဝန်းအဖြေရှာလာကြကာ ပွဲအတော်များများဟာ အခမဲ့ဖြစ်ပြီး တချို့ပွဲတွေကတော့ ဝင်ကြေး ၁ သောင်းခွဲ နှစ်သောင်းကနေ ၃ သောင်းခွဲ ၄ သောင်းအထိယူတဲ့ပွဲတွေလည်းရှိတယ်လို့ နိုင်ငံတကာသတင်းအယ်ဒီတာချုပ် ဆရာခင်မောင်ညို (ဘောဂဗေဒ)က ပြောပါတယ်။

“Cost Sharing လုပ်တဲ့ သဘောပါပဲ။ Cost က ရှိတာပဲလေ။ ဆရာဦးအောင်ထွန်းသက်နဲ့လုပ်တယ်ဆို ဆရာဦးအောင်ထွန်းသက်က ပြောပေးဆိုပြောတာပဲ။ ဒါပေမယ့် သူက အလကား ဟောပေးတာဖြစ်ပေမယ့် ခန်းမတွေဘာတွေ ငှားတယ်ဆို အနည်းဆုံးတသိန်းပဲလေ။ ကော်ဖီဘာညာသောက်တယ်ဆို နောက်ထပ်တသိန်းလေ။ ဟောပြောပွဲတခုက ၂ သိန်း ၃ သိန်းကုန်မှ ရတာများတယ်လေ။” ဝင်ကြေးရှိလည်း စိတ်ဝင်တစားတက်ရောက်နားထောင်ကြသူတွေရှိနေတယ်လို့ ဆရာခင်မောင်ညို (ဘောဂဗေဒ) က ပြောပါတယ်။

# မြင်းခြံမြို့ အိမ်ခြေ တရာကျော်မီးလောင်

**DVB । မတ်လ ၉ ။။** မန္တလေးတိုင်း မြင်းခြံမြို့မှာ ဒီနေ့ နေ့လည်ပိုင်းက မီးလောင်မှု ဖြစ်ပွားရာ အိမ်ခြေတရာကျော်ခန့် မီးထဲပါသွားပြီး အသေအပျောက် ထိခိုက်ဒဏ်ရာရခြင်းမရှိဘူးလို့ ဒေသခံတွေက ပြောပါတယ်။

မီးလောင်မှုထဲမှာ နည်းပညာတက္ကသိုလ် ဂျီတီစီ ကျောင်းသားတွေရဲ့ ဘော်ဒါဆောင်တွေလည်း ပါသွားတယ်လို့ ဆိုပါတယ်။ မြို့ရဲ့မြောက်ဘက် အမှတ် ၁ ရပ်ကွက်မှာ မြို့သစ်ကတုတ်ကျင်းဆိုတဲ့ရပ်ကွက်မှာ နေ့လည် ၂ နာရီ ၁၅ မိနစ်က စတင်မီးလောင်တာဖြစ်ပြီး အိမ်ခြေ ၁၅၀၊ ၂၀၀ နီးပါး ပါသွားပြီး ညနေ ၃ နာရီခွဲမှ မီးငြိမ်းသွားတယ်လို့ မြို့ခံတဦးက ပြောပါတယ်။

"ဂျီတီစီတက္ကသိုလ်က ဘော်ဒါဆောင်တွေ တော်တော်များများပါတယ်။ တချို့ကျောင်းသူလေးတွေ ငိုနေတာတွေ့ခဲ့ရတယ်။"

ဆုတောင်းပြည့်ကျောင်းတိုက်၊ မဟာစည်ကျောင်းတိုက် စတဲ့ကျောင်းတိုက်တွေက သံဃာတွေ အပါး ၁၅၀၊ ၂၀၀ လောက်က မီးလောင်တာနဲ့ပတ်သက်ပြီး လိုက်လံကူညီ ဆောင်ရွက်နေတာကို တွေ့ရတယ်လို့လည်းဆိုပါတယ်။ လာရောက်မီးငြိမ်းသတ်ပေးတဲ့ကား ၇ စီးခန့်ရှိတယ်ဆိုပေမယ့် ရေအဆင်သင့်မရှိတဲ့အတွက် မီးသတ်ကားတွေရောက်လာချိန်ဟာ အတော်နောက်ကျနေပြီလို့လည်း အဲဒီမြို့ခံက ပြောပါတယ်။ ဘယ်ကစတင်မီးလောင်တယ် ဆိုတာကို အခုအချိန်အထိ မသိရသေးဘူးလို့ ဒေသခံတဦးက ပြောပါတယ်။

မီးဘေးဒုက္ခသည်ဦးရေ ထောင်ကျော်ခန့်ရှိမယ်လို့လည်း ဒေသခံတွေက ခန့်မှန်း ပြောဆိုပါတယ်။ ခုချိန်အထိ မီးဘေးဒုက္ခသည်တွေဟာ မီးလောင်ပြင်ရဲ့ဘေးမှာ အားလုံးစုထိုင်နေကြပြီး လုယက်မှာ စိုးရိမ်ကြောက်လန့်နေပုံရကြောင်းနဲ့ အာဏာပိုင်တွေဘက်က မီးဘေးဒုက္ခသည်တွေအတွက် ကူညီဖို့ အစီအစဉ်မရှိဘူးလို့ ယူဆကြောင်း၊ အိမ်ခြေ တရာနှစ်ရာ မီးလောင်တယ်ဆိုရင် အထက်က ဘယ်လောက်ပဲ အကူအညီပေးပေး ဒေသခံအာဏာပိုင်တွေက ပြန်ကူညီပေးတာမျိုးမရှိကြောင်း၊ မီးလောင်မြေနေရာကို ပြန်ပေးတဲ့ ထုံးစံလည်းမရှိကြောင်း အဲဒီ မြို့ခံကပြောပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ မြင်းခြံမီးသတ်ဌာနကို ဆက်သွယ်မေးမြန်းရာမှာ တာဝန်ကျဝန်ထမ်းတဦးက ပြောပါတယ်။

"ဦးစီးတို့ပြန်မလာသေးဘူး၊ မန်ကျည်းပင်စု အမှတ် ၁ ရပ်ကွက် မီးလောင်မှုစာရင်းဇယားတွေက မရသေးဘူး၊ ကျနော်က နောက်တန်းထိုင်နေရ တာ။ မီးလောင်တဲ့နေရာကားတွေသွားနေတာ တစီးမှပြန်မလာသေးဘူး။ မြင်းခြံ က မီးသတ်ကား ၆ စီး။ နွားထိုးကြီးနဲ့ တောင်သာ က ပြီးမှရောက်လာတယ်။ အိမ်ခြေ ၅၀ ကျော်လောက်ပဲ ခင်ဗျ။ ကျောင်းသားတွေနေတဲ့ ဘော်ဒါဆောင် တော့ ပါသွားတယ်။ ကျောင်းသားတွေ စားမှုသောက်မှုအတွက်တော့ ထွေအုပ်နဲ့စီမံနေပါတယ်။"

**DVB । မတ်လ ၁၂ ။** ။ မန္တလေးတိုင်း မြင်းခြံမြို့မီးလောင်ရာမှာ ငြိမ်းသတ်ခကုန်ကျစရိတ်ပေးဖို့ မီးသတ်ဦးစီးဌာနက တောင်းနေတယ်လို့ ဒေသခံတဦးက ပြောပါတယ်။

မြင်းခြံမြို့အမှတ် ၁ တိုးချဲ့ရပ်ကွက်မှာ တနင်္လာနေ့က မီးလောင်မှုဖြစ်လို့ မြို့နယ်မီးသတ်က မီးသတ်ကား ၇ စီးနဲ့ ငြိမ်းသတ်ပေးခဲ့တဲ့အတွက် မီးသတ်ကားတစီးကို ဓာတ်ဆီ ၅ ဂါလံနှုန်းပေးဖို့ ရပ်ကွက်အာဏာပိုင်တွေကို တောင်းနေတာဖြစ်တယ်လို့ပြောပါတယ်။

"တဂါလံကို အပြင်ပေါက်ဈေးက (ကျပ်)နှစ်ထောင်လောက်ရှိတယ်၊ ငွေခုနစ်သောင်းလောက်တောင်းနေတယ်။ ခရိုင်မီးသတ်က တောင်းတာ။" အစိုးရမီးသတ်ဌာနက ဒီလိုပြုမူနေတာ မသင့်လျော်ပါဘူးလို့ ဒေသခံတွေက ဝေဖန်နေပါတယ်။ ဒေသခံနောက်တဦးက "ဓာတ်ဆီဖိုးပဲတောင်းပြီး ရေဖိုးပါ တောင်းမသွားတာ ကျေးဇူးတင်ရမယ်" လို့ လှောင်ရယ်ရင်း ပြောပါတယ်။

# ကျောင်းမီးရှို့တဲ့ လူငယ်သုံးဦးကိုဖမ်းဆီး

**DVB । မတ်လ ၁၀ ။** ။ ရန်ကုန်တိုင်း မရမ်းကုန်း အထက ၁ ကျောင်းမှာ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ညက ၉ တန်းကျောင်းသား ၃ ဦး မီးရှို့မှု ဖြစ်ပွားခဲ့တယ်လို့ သိရပါတယ်။စာမေးပွဲမဖြေနိုင်လို့ ညဘက်ကျောင်းကိုဝင်ပြီး အဖြေလွှာတွေဝင်ရှာချိန်မှာ မီးရှို့မှုဖြစ်ပွားတာလို့ ဆိုပါတယ်။ မီးရှို့မှုနဲ့ ပတ်သက်တဲ့ အဲဒီလူငယ် ၃ ဦးကို ကမ္ဘာအေးလူငယ်သင်တန်းကျောင်းမှာ ထိန်းသိမ်းထားတယ်လို့ ဘုရင့် နောင်ရဲစခန်း တာဝန်ကျဝန်ထမ်းတဦးက ပြောပါတယ်။

"သူတို့ကို ကျနော်တို့ ယမန်ယူပြီး စစ်တုန်းပါဗျ။ ၃၈၀–၅၄ နဲ့ပါ၊ အဆောက်အဦအတွင်းမှာ ဝင်ခိုးတာကိုး။ တရားစွဲပြီးမတင်ရသေးဘူး၊ ကမ္ဘာအေးလူငယ်သင်တန်းကျောင်းမှာရှိပါတယ်။"

ကျောင်းမီးရှို့မှု ဖြစ်ပွားတဲ့အတွက် ဗဟိုက ရဲတွေ၊ မြို့နယ်လူကြီးတွေ အင်နဲ့အားနဲ့ ဘုရင့်နောင်ရဲစခန်းကို ရောက်ရှိလာတယ်လို့ ဆိုပါတယ်၊ အခင်းဖြစ်ပွားတဲ့ညက ကျောင်းသားလူငယ်တွေကို ရဲစခန်းအတွင်းမှာ ရိုက်နှက်စစ်ဆေးခဲ့ကြောင်း၊ ကလေးတွေရဲ့ မျက်နှာတွေ ဖူးယောင်နေကြောင်း စခန်းတွင်းမှာ ကြုံတင်ရောက်ရှိနေတဲ့ အမှုသည်တဦးက ပြောပြတယ်လို့ စခန်းကို နောက်ကျမှရောက်သွားတဲ့ ရန်ကုန်မြို့ခံတဦးက ပြောပါတယ်။

"အဲ့ဒီမှာ မိဘတွေက အပြင်မှာပဲ ရှိကြတယ်။ သူတို့ ကလေးတွေနဲ့တွေ့လို့မရဘူး။ ကလေးတွေက စာမေးပွဲမဖြေနိုင်လို့ သူတို့ကြံမိ ကြံရာကြံပြီးတော့ စာရွက်တွေမီးလောင်သွားရင် စာမေးပွဲအောင်မယ်လို့ထင်ပြီးတော့ လုပ်တာပေါ့။ သူတို့အမှုကကြီးတယ်လို့ ပြောနေကြတာပဲ။ မြို့နယ်က တာဝန်ရှိသူတွေ၊ ရဲအရာရှိတွေအများကြီးပဲ။ ကျန်တဲ့အမှုတွေကို ဘာမှမစစ်ဆေးနိုင်ဘူး။" ဒီကိစ္စနဲ့ပတ်သက်ပြီး မရမ်းကုန်း အထက ၁ ကျောင်းကို ဆက်သွယ်လို့ မရပါဘူး။

# မီးဘေးဒုက္ခသည်များ အကူညီမရသေး

**DVB । မတ်လ ၁၀ ။** ။ မန္တလေးတိုင်း မြင်းခြံမြို့မှာ မနေ့ နေ့လည်ပိုင်းက မီး လောင်မှုဖြစ်ပွားခဲ့တာနဲ့ပတ်သက်လို့ မီးဘေးဒုက္ခသည်တွေကို အာဏာပိုင်တွေဘက်ကခုချိန်ထိအကူညီပေးတာမတွေ့ရသေးဘူးလို့မြို့ခံတွေကပြောပါတယ်။

နည်းပညာတက္ကသိုလ် ဂျီတီစီကျောင်းသားတွေရဲ့ ဘော်ဒါဆောင်တချို့လည်း မီးထဲပါသွားတဲ့အတွက် ကျောင်းသားကျောင်းသူတွေ မနေ့ညကကျောင်းမှာပဲ အိပ်လိုက်ရတယ်လို့ ဆိုပါတယ်။ မီးလောင်ပြီး နောက်တနေ့အခြေအနေနဲ့ပတ်သက်ပြီး မြင်းခြံမြို့ခံတဦးက ပြောပါတယ်။

"ဂျီတီစီကျောင်းသားက အယောက် ၂၀၀ လောက်ရှိမယ်ထင်တယ်။ တချို့တော့ ပြန်ကုန်ပြီ။ ကျောင်းသူတွေကတော့ ဆရာမအဆောင်တွေမှာ အိပ်ကြတယ်။ အစိုးရဘက်ကတော့ ဘာမှမလုပ်ပေးဘူးဗျ။ ကျန်တဲ့လူတွေကတော့ ဆုတောင်း ပြည့်ဘုန်းကြီးကျောင်းထဲမှာ တချို့တဝက်တွေ့တယ်၊ မဟာစည်ထဲမှာလည်း တချို့တဝက်တွေ့တယ်။"

ရွှာကလာပြီး စာမေးပွဲဖြေမယ့် ၁၀ တန်း ကျောင်းသားတချို့အဆောင်တွေလည်း မီးထဲပါသွားတဲ့အတွက် အခြားနေရာကို ပြောင်းရွှေ့ပြီး စာမေးပွဲဖြေဖို့ပြင်ဆင်နေကြတယ်လို့ ဆိုပါတယ်။ အမှတ် ၁ ရပ် ကွက်မှာ ဖြစ်ပွားခဲ့တဲ့ ဒီမီးလောင်မှုကြောင့် အိမ်ခြေ ၇၀ ခန့်ဆုံးရှုံးခဲ့ပြီး အသေအပျောက် ထိခိုက်ဒဏ်ရာရတာတော့ မရှိခဲ့ပါဘူး။ မြင်းခြံမှာ မီးလောင်မှုဖြစ်တိုင်း ဒေသခံတွေအနေနဲ့မြေနေရာကို ဆုံးရှုံးကြရတယ်လို့ ဒေသခံတွေက ပြောပါတယ်၊ ဒေသခံအာဏာပိုင်တွေက အခြားနေရာတွေမှာ အကွက်ရိုက်ပြီး မြေနေရာအစားပြန်ပေးလေ့ရှိပေမယ့် အိမ်ဆောက်ဖို့အတွက် ခွင့်ပြုချက်တောင်းခံရတာ အနည်းဆုံး ၂ လခန့်ကြာမြင့်တယ်လို့ ဒေသခံတွေက ပြောပြကြပါတယ်။

# လူငယ်ရေးရာ ပိုမိုဖော်ဆောင်ရေး ဗဟို တိုင်းနှင့်ပြည်နယ်များမှလူငယ်များဆွေးနွေး

**NEJ၊ မတ်လ ၉ ။ ။** အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်ဖော်ဆောင်ရေး အဖွဲ့တို့ (ဗဟို) နှင့် တိုင်းနှင့်ပြည်နယ်များမှလူငယ်အကူအညီပေးရေးအဖွဲ့တို့ ယခုလ ၂၆ ရက်တွင် တွေ့ဆုံညှိနှိုင်းပြီး လူငယ်ရေးရာများကို ပိုမိုလုပ်ဆောင် သွားနိုင်ရန် လူငယ်အကူအညီပေးရေးအဖွဲ့များကို တိုးချဲ့ဖွဲ့စည်းသွားမည်ဟု အဖွဲ့ချုပ်လူငယ်ဖော်ရေးတာဝန်ခံ ကိုအေးထွန်းကပြောပါသည်။

"ရန်ကုန်တိုင်းမှာဆိုရင် ၂၁ မြို့နယ်ဖွဲ့ပြီးသွားပြီ၊ နောက်ထပ်ဖွဲ့မယ့် နယ်တွေလည်းရှိပါတယ်။ ဖွဲ့ပြီးမြို့နယ်တွေထဲမှာ လစ်လပ်နေတာတွေရှိတယ်။ လျော့ပါးနေတာတွေရှိတယ်၊ အဲဒါတွေကိုကျနော်တို့တိုးချဲ့မယ်၊ နောက်ပြီးတော့ အခုမှအသစ်ဖွဲ့စည်းတဲ့ မြို့နယ်တွေရှိတယ်"ဟု ၎င်းကပြောပါသည်။ သို့သော် ဖွဲ့စည်းသည့်အချိန်တွင် အနှောင့်အယှက်ကြုံရမှုမျိုးရှိကြောင်း ပြီးခဲ့တဲ့စနေနေ့၌လူငယ်တာဝန်ခံတယောက်နှင့် အထက်မြန်မာပြည်ကတာဝန်ခံတဦးဖြစ်သည့် ကိုလှဦးတို့ စစ်ကိုင်းတိုင်း ရွှေဘိုသို့သွားရာ၌ အာဏာပိုင်များကဆိုင်ကယ်များဖြင့် လိုက်လံကြည့်ရှုခဲ့ကြောင်း ကိုအေးထွန်းက ဆက်လက်ပြောပြပါသည်။

ယခုကဲ့သို့နှောင့်ယှက်မှုများကို ရောဝတီတိုင်းအတွင်း၌လည်း ပြုလုပ်လျက်ရှိပြီး လူငယ်တာဝန်ခံ ကိုဆပ်ခင်ဇော်လင်းလာရောက်ပါက သတင်းပေးရန်အာဏာပိုင်များက ဒေသတွင်း ရယကများကို ဖိအားပေးထားကြောင်းသိရပါသည်။ ယင်း အခက်အခဲများကြားမှပင် ရောဝတီတိုင်းအတွင်းရှိ မြို့နယ် ၃ ခုတွင် လူငယ်အဖွဲ့များ ဖွဲ့စည်းထားနိုင်ခဲ့ပြီး ယခုလကုန်တွင် ၇ မြို့နယ်၌ ထပ်မံဖွဲ့စည်းနိုင်မည်ဖြစ်ကြောင်း ကိုအေးထွန်းကပြောပါသည်။

၎င်းက "အာဏာပိုင်တွေရဲ့ဖိနှိပ်မှုအများဆုံးဖြစ်တဲ့ ရောဝတီတိုင်းမှာတောင် အင်အားဖြည့်ဖွဲ့စည်းထားနိုင်ခဲ့ပါတယ်။ အာဏာပိုင်ကပိုဖိလာလေလေ လူငယ်တွေရဲ့စည်းရုံးရေးအားကပိုကောင်းလာလေလေဘဲ။ ဘာဖြစ်လို့လည်းဆိုတော့ နည်းပညာပိုင်ကဘယ်လိုမှထားထားလို့ရတာမဟုတ်ဘူးလေ၊ လူငယ်တွေက သတင်းကိုနည်းလမ်းပေါင်းစုံနဲ့ရယူလာတာ။ မတရားတာတွေကိုပိုပြီးသိလာကြတယ်၊ မခံချင်ဖြစ်လာကြတယ်၊ အဲဒီအချိန်မှာကျနော်တို့စည်းရုံးမှုတွေနဲ့ ထိတွေ့ရင် သူတို့ဝင်လာကြတာဘဲ"ဟုရှင်းပြသည်။

အဖွဲ့ချုပ်အနေဖြင့်လူငယ်ရေးရာများကို ပိုမိုလုပ်ဆောင်လျှက်ရှိရာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်မန္တလေးတိုင်းတို့တွင် လည်း လူငယ်အကူအညီပေးရေးအဖွဲ့များတိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်သည်။ မန္တလေးတိုင်းလူငယ်အကူအညီပေးရေးအဖွဲ့မှကိုမြင့်ဇော် က "လောလောဆယ် ၃ မြို့နယ်ဖွဲ့စည်းသွားပါပြီ၊ နောက်ထပ် ၇ မြို့နယ်ထပ်ဖွဲ့ဘို့နယ်တွေဆင်းရဦးမှာပါ။ လူငယ်တွေဘက်က စိတ်ဝင်စားမှုရှိတာတွေ့ရပါတယ်။ ကျနော်တို့ကမြို့နယ် ၃၀ ကိုပြန်လည်ဖော်ဆောင်ရမှာလေ၊ ဒီမှာတော့အနှောင့်အယှက်တွေသိပ်မတွေ့ရသေးပါဘူး"ဟု ပြောပါသည်။

မန္တလေးတိုင်းအဖွဲ့ချုပ်လူငယ်အကူအညီပေးရေးအဖွဲ့ဝင်များသည် မနက်ဖြန်တွင် မြင်းခြံ၊ တောင်သာ၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ညောင်ဦး စသည့်မြို့နယ် ၇ ခုသို့သွားရောက်၍ လူငယ်ဖွဲ့စည်းရေးကိစ္စများကိုဆောင်ရွက်ကြ မည်ဖြစ်ပါသည်။


Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
voburma@ac.auone-net.jp



၁၉၉၅ ခု အောက်တိုဘာလ မှ စ တင်၍ အပတ်စဉ်ထုတ်ဝေသည်


AIR MAIL

To

PRINTED MATTER